မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီမြန်ချ သတင်းစုံသည်မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၅၃)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၅ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် အထူးရထားခရီးစဉ်များပြေးဆွဲမည်

နေပြည်တော် ဧပြီ ၄

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်ကာလ (၁၃-၄-၂၀၂၄) ရက်မှ (၂၁-၄-၂၀၂၄)ရက်အတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်ရန်အတွက် ဧပြီလ ၁၃ ရက်နှင့် ၂၂ ရက်တို့တွင် အထူးရထားများကို ထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီလ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ လူစီးအမြန်ရထားအချို့ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ ♦





ဆောင်းပါး

ရေဘူးနှင့်ဖိနပ်မပါလျှင် စာ - ၁၃ သို့

ပြည်သူများသို့ အသိပေးကြေညာချက် စာ - ၃ သို့

ရေးဟောင်းယဉ်ကျေးမှုဓနများကို သင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူလာရောက်လည်ပတ်နိုင်ရန် ဖွင့်လှစ်ထားမည် စာ - ၅ သို့


# YRTC မှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် အကြိုနေ့တွင် YBS ၁၃၀၀ ကျော်၊ ကျန်ရက်များတွင် ၉၃၈ စီး ပုံမှန်ဈေးအတိုင်းပြေးဆွဲပေးမည်

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများအဆင်ပြေစေရန် ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်များအား ပုံမှန်ဈေးအတိုင်း ပြေးဆွဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများသည် နှစ်သစ်ကူးရုံးပိတ်ရက်မတိုင်မီတွင် ကုမ္ပဏီ ၂၁ ခု၊ ယာဉ်လိုင်း ၁၃၁ လိုင်းမှ ယာဉ်စီးရေ ၃၈၀၀ ခန့်အား ပုံမှန်ထွက်ရှိပြေးဆွဲသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့တွင် YBS ကုမ္ပဏီ ၁၆ ခု၊ YBS ယာဉ်လိုင်း ၆၁ လိုင်းမှ ယာဉ်အစီးရေ ၁၃၀၈ စီး ဖြင့်လည်းကောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ▶▶|







တစ်သက်တာလုံး ကြံ့ခိုင်ဖို့

RHINO သုံးကြစို့

PORTLAND CEMENT,BRITISH STANDARD OPC-BS-12-1996,42.5N




ထုတ်လုပ်မှုသက်တမ်း နှစ် (၂၀) ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၉၂၃၂၇

STARMART Nine Mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၅ ရက်)

# နိုင်ငံ၏ဂျီဒီပီတိုးတက်လာစေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၂၅ ရက်ကကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားစဉ် **"ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်အတွင်း တွေ့ကြုံခဲ့ရသည့်အားနည်းချက်များကို သင်ခန်းစာဖော်ထုတ်၍ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ××× ဘဏ္ဍာငွေနှင့်ပတ်သက်၍ မကြာမီရက်ပိုင်းအတွင်း သတ်မှတ်ကာလပြည့်မည်ဖြစ်ပြီး ပိုလျှံရန်ပုံငွေများကို ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍတို့တွင်အသုံးပြုနိုင်ရေး ခွင့်ပြုပေးထားသဖြင့် အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ဒေသအလိုက်စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပြီး ပိုလျှံသည်များကို ပြည်ပပို့ကုန်များအဖြစ် တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းထုတ်ကုန်များတိုးမြှင့်ပို့ဆောင်နိုင်ရေးနှင့် လိုအပ်သည့်ကုန်ပစ္စည်းများတင်သွင်းနိုင်ရေး နယ်စပ်ကုန်သွယ်ရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးကဏ္ဍ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများ တိုးတက်ခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များရှိမှသာ စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ပြီး ဘဏ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ လည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုဆောင်ရွက်နိုင်ရေးကို တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုစွမ်းအားများမြင့်တက်လာမှသာ နိုင်ငံတော်၏ GDP သည် တိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးနှင့်ပတ်သက်၍လည်း တိုးတက်အောင်မွေးမြူကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများတိုးတက်လာမည်ဖြစ်သည်။ MSME လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါတင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုအပ်သည်။

လက်ရှိအခြေအနေတွင် ဝါစေ့ဆီကြိတ်စက်နှင့်ဝါကြိတ်စက်များ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဝါသီးနှံမှတစ်ဆင့် စားသုံးဆီနှင့်အရည်အသွေးမီချည်မျှင်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တပ်ကုန်းမြို့၊ ပျဉ်းမနားမြို့နှင့်မကွေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်တောင်သူများအား သွင်းအားစုများထောက်ပံ့ပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ဝါမျိုးကောင်းမျိုးသန့်များအား စနစ်တကျပြောင်းလဲစိုက်ပျိုးရန်စီစဉ်လျက်ရှိသည်။

ဝါကိုမိုးနည်းသည့်နေရာများတွင် အများဆုံးစိုက်ပျိုးကြသည်။ ထို့ကြောင့် ဆိုလာဖြင့်လျှပ်စစ်ထုတ်လုပ်သည့်စနစ်ကိုအသုံးပြု၍ ဝါသီးနှံကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်သည်။ ဝါစိုက်ပျိုးရာတွင် အရည်အသွေးမီဝါမျိုးများ ပြောင်းလဲစိုက်ပျိုးပြီး ပြည်ပသို့ဝါကုန်ကြမ်းအစား ဝါဂွမ်းပို့ဆောင်နိုင်ပါက စီးပွားရေးအရ တွက်ခြေကိုက်မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးကို ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဦးတည်ချက်များအောင်မြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအတိုင်း သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများ လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးဦးတည်ချက်များဖြစ်သည့် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"** ဆိုသည့်ဦးတည်ချက်များကိုအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ ထိုးဖောက်နိုင်ရေးအတွက် သီးနှံအရည်အသွေးနှင့်မျိုးကောင်းမျိုးသန့်သုံးစွဲဆောင်ရွက်ကြရန်ဖြစ်သည်။ သို့မှသာ ကုန်ထုတ်စွမ်းအားမြင့်တက်လာပြီး နိုင်ငံ၏ GDP လည်းတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၅-၄-၂၀၂၄ ရက်နေ့တွင်ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းများ

| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၇၁၃ ကျပ် |
| ၂။ | လာအို | ၅၀၇၂ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၄၀၆ ကျပ် |
| ၄။ | ထိုင်း | ၄၃၀၃ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၁၆၇ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၃၀၈ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၀၃၃ ကျပ် |
| ၈။ | မြန်မာ | ၂၉၀၅ ကျပ် |
| ၉။ | မလေးရှား | ၁၄၂၉ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၃၀၃ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၈၉၁၇ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၁၆၇ ကျပ် |
| ၃။ | ကမ္ဘောဒီးယား | ၃၃၈၁ ကျပ် |
| ၄။ | အင်ဒိုနီးရှား | ၃၂၇၂ ကျပ် |
| ၅။ | လာအို | ၃၂၂၅ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၈၃၁ ကျပ် |
| ၇။ | ထိုင်း | ၂၆၉၂ ကျပ် |
| ၈။ | မြန်မာ | ၂၄၄၅ ကျပ် |
| ၉။ | မလေးရှား | ၁၄၉၈ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၆၂ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား ပြည်တွင်း Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၄-၂၀၂၄ (သောကြာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၆း၀၃ တရားတော်
၃။ ၇း၁၅ မေတ္တာပို့
၄။ ၇း၂၅ ဓမ္မပူဇာတေး
၅။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
၆။ ၈း၀၅ အမျိုးသားရေးတေးကဗျာ
၇။ ၈း၂၅ နှစ်(၇၀) ကျော်ကြားတေးများ
၈။ ၁၀း၅၀ ကျန်းမာသုတ
၉။ ၁၁း၄၀ Sport Review
၁၀။ ၁၁း၅၀ မြန်မာ့လက်သံ
၁၁။ ၁၂း၁၅ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၁၂။ ၁၆း၀၆ တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း
၁၃။ ၁၆း၄၀ မြန်မာသံစဉ်ချိုနားဝင်
၁၄။ ၁၆း၄၅ သီချင်းလက်ဆောင်
၁၅။ ၁၈း၁၅ အတွေးအမြင်
၁၆။ ၁၈း၂၅ ခံစားတွေ့ကြုံတပ်မတော်သားဘဝ အဖုံဖုံ
၁၇။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း - အတွေ့လေးရယ်မှ အိုအကြို အပိုင်း(၂)**
၁၈။ ညဈ နာရီသတင်းအပြီး နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ တရားတော်

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၅-၄-၂၀၂၄(သောကြာနေ့)

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၅း၀၀ တော်ဝင်ပန်းလေးသဇင်
၄။ ၁၇း၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၂၁း၂၀ မြန်မာသံစဉ် (ကာလပေါ်)
၆။ ၂၁း၄၀ Love Dictionary

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကွပ်ကဲ) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဧပြီ ၄

# မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်နေမှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမဧ္ဍကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် မဲရုံတစ်ရုံအတွင်း မဲပေးမည့်ပုံစံများအတိုင်း သရုပ်ပြခင်းကျင်း၍တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းသရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးပြီး MEVM မဲပေးစက်အသုံးပြုဆောင်ရွက်ခြင်း၏ အားသာချက်များ၊ အကျိုးကျေးဇူးများ၊ မြန်မာပညာရှင်များတီထွင်ထုတ်လုပ်ထားသော MEVM စက်၏ အဆင့်မီဆောင်ရွက်နိုင်မှုများနှင့် ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၄

# အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာန၌ အဌမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၁၆ ဌာန၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့တွင် စာရင်းသွင်း ၄၈၇ ပါး/ဦး အနက် ၂၅၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၉၈ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်း ၆၀၀၉၆ ပါး/ဦးအနက် ၄၈၆၆၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၉၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

၁၃၈၅ ခုနှစ် (၂၀၂၄ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၄-၄-၂၀၂၄

**ဖြေဆိုသည့် ဘာသာ၊ ပါဠိဂုဏ်ထူး(ပထမနေ့)**

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယ | ၄၈၇ | ၂၅၈ | ၂၂၉ | ၅၂. ၉၈ |

**၁၃၈၅ ခုနှစ် (၂၀၂၄ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၇၆၇၇ | ၆၃၈၅ | ၁၂၉၂ | ၈၃. ၁၇ |
| ၂။ | ပထမလတ် | ၈၂၅၇ | ၆၇၃၈ | ၁၅၁၉ | ၈၁. ၆၀ |
| ၃။ | ပထမငယ် | ၁၅၄၈၁ | ၁၂၇၅၅ | ၂၇၂၆ | ၈၂. ၃၉ |
| ၄။ | အခြေပြု | ၂၈၆၈၁ | ၂၂၇၈၃ | ၅၈၉၈ | ၇၉. ၄၃ |
| | **စုစုပေါင်း** | ၆၀၀၉၆ | ၄၈၆၆၁ | ၁၁၄၃၅ | ၈၀. ၉၇ |

## ပြည်သူများသို့ အသိပေးကြေညာချက်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနသည် နိုင်ငံအတွင်းနေထိုင်သူများမှ အသက် (၁၀)နှစ်အထက်ရှိသူများကို electronic စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ (Biographic Data) နှင့် ဇီဝအချက်အလက်များ (Biometric Data) တို့ကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း (၁၀) လုံးပါရှိသည့် UID (Unique Identity Number) သတ်မှတ်ထုတ်ပေးလျက်ရှိသည်။ ယင်းသို့ Biographic/ Biometric အချက်အလက်များမှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပေးထားသော အထောက်အထားလက်မှတ်တစ်ခုခုအား တစ်ပါတည်းယူဆောင်လာရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နယ်စပ်ဖြတ်ကျော် ဝင်/ထွက်သွားလာရာတွင် သတ်မှတ်ထားသည့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ TBP, BP လက်မှတ်များဖြင့် တရားဝင်ဝင်/ထွက်သွားလာခွင့် ခွင့်ပြုပေးလျက်ရှိပါသည်။ အဆိုပါ နယ်စပ်ဝင်/ထွက်ဂိတ်များမှ ဝင်/ထွက်ခွင့်ပြုရာတွင် နယ်စပ် အဝင်/အထွက် လူဦးရေစာရင်းဇယားတိကျစွာရရှိနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများနှင့် အသုံးမပြုသည့်ကတ်များအား အသုံးပြု၍ သွားလာခြင်းများကို ထိန်းချုပ်နိုင်ရေးတို့အတွက် UID လက်မှတ်ပါမှသာ TBP, BP လက်မှတ်များထုတ်ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နယ်စပ်ဝင်/ထွက်ဂိတ်များသို့ TBP, BP လက်မှတ်လာရောက်လျှောက်ထားသူပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ UID စာရွက်ပါတစ်ပါတည်း ယူဆောင်လာကြပါရန်နှင့် (၁-၅-၂၀၂၄) ရက်နေ့မှစတင်ပြီး UID စာရွက်ပါမှသာ TBP, BP လက်မှတ်များထုတ်ပေး၍ နယ်စပ်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါကြောင်း ပြည်သူများသို့ ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၄

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Faw Toyota bZ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၄

## နေ့အပူချိန်များ အနည်းငယ်တိုးနေမည်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

အောင့်လက်တွေမှာ တုန်နေသဖြင့် တံခါးသော့ကို တော်တော်နှင့် ဖွင့်လို့မရ။ အောင်ဆိုတာ သိပ်စိတ်လှုပ်ရှားတတ်တာပဲ။

အဆောင်တွင် ပဲခူးသို့ မကြာခဏပြန်တတ်သော ချောစုကလည်း မရှိပြန်၊ တစ်ယောက်တည်း အတွေးပေါင်းစုံရဟတ်ချားတွင် ရစ်ပတ်ဖွဲ့နှောင်ပေတော့မည်။

"အကြင်ပုဂ္ဂိုလ်သည် ပုတီးလည်းမစိပ်၊ ဘုရားရှေ့ သီလလည်းမခံ၊ တရားလည်းမကျင့်၊ သို့သော် သူ့တွင် စာနာ၍ ကြင်နာသောစိတ်ရှိသည်။ လူများစုအတွက် သူ့အသွေး၊ သူ့အသားတွေကိုလှူရန် စိတ်ရည်သန်သည်။ ဖြူစင်သောအကျင့်နှင့် တည်ကြည်ခိုင်မာသော သိက္ခာလည်းရှိ၏။ ထိုပုဂ္ဂိုလ်ကို အရိယာဟု မခေါ်နိုင်ပြီလော။ ရှင်တော်ဂေါတမ သက်တော်ထင်ရှားရှိလျှင် လျှောက်ထားမေးမြန်းချင်လှသည်"

အောင်၏ရင်ထဲတွင် ကိုယ်ပိုင်အတွေးတို့သည် တစ်စတစ်စပျားအုံဖွဲ့လာကြလေသည်။ ထို့နောက် ကိုယ့်အတွေးနှင့်ကိုယ် တစ်ယောက်တည်း ပြုံးမိလာသည်။

**အခန်း(၂၀)**

သည့်နောက်ပိုင်းတွင် ချောစု၊ မမစံနှင့် ဆန်းဆန်းမြင့်တို့သည် အောင့်ကို စစရာ နောက်စရာဖြစ်လာတော့သည်။ အောင့်ကို "အောင်အောင်လတ်" ဟု ခေါ်ကြတော့သည်။ ဘယ်လောက်များဆိုးတဲ့မိန်းမတွေလဲ။

ချောစုက နည်းနည်းမှ မနာလိုဘူးတဲ့။ သူက စကတည်းက ကိုလတ်ကို ကွယ်ရာတိတ်တိတ်ယူထားသူမို့ "ငါ့ဆွိ(တ်)" (Sweet)ဟု တဖွဖွပြောပြီး ဘယ်တော့ဖြစ်ဖြစ် ဒါ ကိုလတ်ဖို့။ စားစရာတွေစီမံပြီး သူတစ်ယောက်တည်း အများကြီးစားပစ်ကာ အချောင်မင်္ဂလာယူတတ်သည်။ ယခုလည်း နောက်တစ်နေ့ ပဲခူးကပြန်လာတော့ အကျိုးအကြောင်းသိရသောအခါ အောင်၏ဆံပင်တိုလေးကိုဆွဲလျက် အောင့်ပါးကို လေတွင် ဝှေ့ယမ်းရိုက်ကာ "ဟင်. . . လင်ခိုးမ"ဟု နှင့်နှင့်သီးသီးပြောသေးသည်။

သူတို့ အခန်းဝနားဖြတ်လျက် တစေ့တစောင်းကြည့်သွားသော သူယောင်မယ်ကို ချောစုက မျက်စောင်းတစ်ချက်ထိုးပြီး ထိုင်ငိုဟန်ပြုကာ အဝတ်ဖြင့် မျက်နှာကိုသုတ်နေသည်။ အောင်သည် ချောစု၏ ခါးကို လှမ်းဖက်ပြီး ချောစု၏မျက်နှာကို အသနားခံသော အမူအရာနှင့်. . .

"အစ်မကြီးရယ်၊ အစ်မကြီးယောက်ျားကို ကျွန်မပိုက်ဆံမက်လို့ယူတာမဟုတ်ပါဘူး၊ ကျွန်မ ကိုကို့ကို တကယ်ချစ်တာပါ၊ သွေးအန်သေရပါစေရဲ့"

> "အကြင်ပုဂ္ဂိုလ်သည် ပုတီးလည်းမစိပ်၊ ဘုရားရှေ့ သီလလည်းမခံ၊ တရားလည်းမကျင့်၊ သို့သော် သူ့တွင် စာနာ၍ ကြင်နာသောစိတ်ရှိသည်။ လူများစုအတွက် သူ့အသွေး၊ သူ့အသားတွေကိုလှူရန် စိတ်ရည်သန်သည်။ ဖြူစင်သောအကျင့်နှင့် တည်ကြည်ခိုင်မာသော သိက္ခာလည်းရှိ၏။ ထိုပုဂ္ဂိုလ်ကို အရိယာဟု မခေါ်နိုင်ပြီလော။ ရှင်တော်ဂေါတမ သက်တော်ထင်ရှားရှိလျှင် လျှောက်ထားမေးမြန်းချင်လှသည်. . ."

တစ်လောကပင် သူတို့မြို့တွင် သုံးကားတစ်ကျပ်နှုန်းကြည့်ခဲ့သော "အတွေ့"ကားဟောင်းထဲမှ စံရှားတင်ငိုသလို အောင်က ငိုနေသည်။

မမစံကတော့ ရယ်လျက်. . . "ငါ့မောင်လေး အကျည်းတန်ချစ်သူတော့ ကျန်ရစ်ဖြစ်ရှာပြီပေါ့နော်" ရင်ဘတ်ကိုဖိပြောတော့. . .

"ဟင့်အင်း၊ အဲဒါ သူငယ်ချင်းကိုလှူလိုက်ပြီ"

အောင်က ချောစုကို လက်ညှိုးထိုးလိုက်တော့ ချောစုက နှပ်ချေးတွေ ညှစ်ကာ အောင့်အားလှမ်းသုတ်ရင်း. . .

"ပြောကောင်းဘူး၊ မောင်နှမချင်း ကျားကိုက်တတ်တယ်၊ ကိုအောင့်ကို ဒီကောင်မ ယူထားတာ"

ဆန်းဆန်းမြင့်သို့ လက်ညှိုးထိုးပြလိုက်လေသည်။ အောင်သည် ချောစု၏လက်ကို ပုတ်ထုတ်လိုက်ပြီး တသောသောရယ်ကာ. . .

"ကိုအောင်က မျက်နှာထားဆိုးလို့ပါ၊ ချစ်စရာကောင်းပါတယ်၊ ကိုလတ်က ငါ့ကြိုက်တယ်ဆိုလို့ပါ၊ နို့မဟုတ်ရင် ကိုအောင့်ကို စဉ်းစားပါတယ်"

"ကမြင်းမ၊ အလှဆုံးကိုရွေးယူပြီး"

ချောစုက အောင့်ကို ကျိန်ဆဲလေသည်။

အောင်က ရယ်မောလျက်နေရာမှ. . .

ကြည့်လေလေတိုင်း ကြည့်လိုက်တိုင်းလျှင်. . . အရိုင်းမျက်နှာ ကိုယ့်ရုပ်ဝါက နုပ်ပါလှ ခပ်မွဲမွဲပင်. . . ကြေးမုံမှန်ပြင်၊ ရှုမြင်သူဘဝင်. . ရင်ဆူလှိုက်မော ဇောဟိုက်ချင်

သီချင်းကို သံနေသံထားနှင့် ဟစ်လိုက်လေသည်။

သည်တော့ မမစံက ကျန်သီချင်းအပုဒ်ကို ဆက်၍. . .

မောင့်မျက်နှာ ရုပ်ဝါဆင်းပြင်၊ ယမင်းအလှချစ်သူ မြင်စေချင်. . . တွေးတွေးမိတိုင်း စေ့စေ့ကြည့်တိုင်း ဝိုင်းမျက်ရည်လည်ကာပင်၊ အားတောင့် အားနာ. . . အားငယ်စွာလျှင်. . . စေတနာသာလျှင် တန်ဖိုးထားကြောင်းနှင့် သူ့မနောကို သိခွင့်ရသောအခါများတွင် ဘဝတစ်သက်တာခရီးစဉ်. . . နှမသက်လျာအနီးတွင် မဆုံးခင်တွင်ပင် ဆန်းဆန်းမြင့်က. . .

"အကျည်းတန်ချစ်သူ မောင်သာ ဖြစ်လိုချင်. . ."

ဆိုသည့် အပိုဒ်အချက်ကို ထပ်တလဲလဲ ခုနစ်သံတင်၍ ဆိုပြီးအားရတော့မှ. . .

"ကဲ. . . မှတ်ထား"

ဟု ကြိမ်းမောင်းလေသည်။

ထို့နောက်. . .

"အဲဒီသီချင်းဟာ အတော်ဘက်လိုက်တော်တဲ့ သီချင်း၊ အဲဒီသီချင်းပေါ်ခါစက ငါလေ အရုပ်ဆိုးတဲ့ကောင်လေးတွေမြင်ရင် သိပ်သနားတာပဲ"

ဆန်းဆန်းမြင့်က ပြောတော့ အောင်က ရယ်မောလျက်. . .

"ဒါဖြင့် ခုအတော်ပဲပေါ့"

"ဟင့်အင်း. . . ကိုအောင်က လှနေသေးတယ်"

ငါ့မျက်စိထဲတော့ မလှပါဘူး၊ သူက စိတ်နေသဘောထားနဲ့ အပြုအမူက ချစ်စရာကောင်းလို့ပါ"

အောင်က ပြောရင်း သီချင်းကို ရသည့်နေရာက ကောက်ဆိုမိပြန်သည်။

**ဆက်လက်ဖော်ပြပါမည်။**

မြောင်းမြ၊ စိုက်ပျိုးရေး

## မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၄၆၉၁ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၄၆၉၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောပြချက်အရ သိရသည်။

မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၁၉၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သော နေကြာများကို ဖေဖော်ဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၄၆၉၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးစီးခဲ့သည့် နေကြာတစ်ဧကလျှင် ၁၈ ဒသမ ၀၂ တင်းထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်အတွင်းမှာ ပြီးခဲ့တဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၁၉၉၁ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ၄၆၉၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်ရှိတဲ့ဧကတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ ဒေသခံတောင်သူတွေက ဆောင်းသီးနှံနေကြာကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ မြောင်းမြခရိုင်အတွင်းမှာ ဒေသတစ်ခုနဲ့တစ်ခု မြေအမျိုးအစားမတူတာတွေရှိတယ်။ နေကြာအထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၁၁၉၉၁ ဧကကို မြောင်းမြမြို့နယ်၌ ၄၀၅ ဧက၊ အိမ်မဲမြို့နယ်၌ ၂၈၉၆ ဧက၊ ဝါးခယ်မမြို့နယ်၌ ဧက ၈၆၉၀ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နေကြာများကို ပြန်လည်ရိတ်သိမ်းရာတွင် မြောင်းမြမြို့နယ်၌ ငါးဧက၊ အိမ်မဲမြို့နယ်၌ ၁၂၈ ဧက၊ ဝါးခယ်မမြို့နယ်၌ ၄၅၅၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ဧကများကို ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

ကျောက်ဆည်၊ စီးပွားရေး

## ကျောက်ဆည်မြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုးထားသော ကြက်ဟင်းခါးပင်များ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ တောင်သူများအနေဖြင့် တစ်နှစ်ပတ်လုံးဝင်ငွေရရှိစေရေး မိသားစုတစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်စိုက်ပျိုးထားသော ကြက်ဟင်းခါးပင်များ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ကြက်ဟင်းခါး စိုက်ပျိုးမည်ဆိုပါက နေရောင်ခြည် ကောင်းစွာရရှိစေရန်နှင့် အပင်ဖြစ်ထွန်းစေရန် ၈ ပေအကွာတိုင်များစိုက်ပြီး အနွယ်များပြန့်ပွားနိုင်ရေး ၅ ပေအမြင့်စင်များပြုလုပ်ကာ တိုင်ခြေနှင့် တစ်ထွာအကွာတွင် အစေ့တိုက်ရိုက်ချစိုက်ပျိုးနိုင်ကြောင်း၊ အပင်ဖြစ်ထွန်းမှုကောင်းမွန်စေရန် စိုက်ပျိုးပြီး ၁၅ ရက်ခန့်တွင် အပင်ပတ်လည်၌ အာမိုမြေသြဇာ ဟင်းစားဇွန်းတစ်ဇွန်းခန့် ဖြူးပေးကာ ရေတင်ပေးရကြောင်း၊ ရက်ပေါင်း ၃၀ ခန့်တွင် အပွင့်များစတင်ပွင့်ပြီး ၄၅ ရက်တွင် အသီးများစတင်ဆွတ်ခူးရောင်းချရကြောင်း၊ စတင်ဆွတ်ခူးချိန်တွင် အသီးနည်းသဖြင့် လေးရက်ခြား ဆွတ်ခူးရပြီး အသီးလှိုင်ချိန်တွင် တစ်ရက်ခြား ဆွတ်ခူးရကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ပန်တံဆိပ်ဘို့တစ်ထောင် ကြက်ဟင်းခါးမျိုးများ အများဆုံးစိုက်ပျိုးကြပြီး မျိုးထုပ်တစ်ထုပ်စိုက်ပျိုးပါက စတင်ဆွတ်ခူးချိန်တွင် ၁၅ ပိဿာခန့်ရရှိပြီး အသီးလှိုင်လှိုင်ထွက်ရှိချိန်တွင် ပိဿာ ၈၀ ခန့်အထိ ဆွတ်ခူးရကြောင်း၊ ဆွတ်ခူးရောင်းချရသည့် သက်တမ်းမှာ အပင်ပြုစုမှုကောင်းမွန်ပါက ခြောက်လခန့်ကြာမြင့်ကြောင်း သိရသည်။

**ချမ်းမြေ့**

# မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်ပေါ်တွင် လွှင့်တင်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို အရှက်သိက္ခာမဲ့စွာ ရိုက်ကူးထုတ်လွှင့်နေကြသည့်အတွက် သက်ဆိုင်ရာအစည်းအရုံးများက ထိန်းကျောင်းကြပ်မတ်ပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနက ၁၃-၁-၂၀၂၄ ရက်နေ့တွင် သတိပေးတားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဖြန့်ချိ၊ မျှဝေ၊ ပြသ၊ ရောင်းချလျက်ရှိသည့် ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားများကိုလည်း ၁၃-၃-၂၀၂၄ ရက်နေ့တွင် အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် "ဘီယာဗိုက်"အမည်ဖြင့် အရှက်သိက္ခာကင်းမဲ့စွာတေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်ပြသခဲ့သော အဆိုတော်မေသူ၊ ဟာသသရုပ်ဆောင် အိုကေနှင့် အခြားသက်ဆိုင်သူများအား ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ - ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့်ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၄**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၄၀ ပါးကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှေးဟောင်းယဉ်ကျေးမှုဇုန်များကို သင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူလာရောက်လည်ပတ်နိုင်ရန် ဖွင့်လှစ်ထားမည်

**ညောင်ဦး ဧပြီ ၄**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုဇုန်များကို ယခုနှစ်သင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူလာရောက်လည်ပတ်နိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

သင်္ကြန်ရုံးပိတ်ရက်များအတွင်း ပြည်တွင်းခရီးသွားပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လည်ပတ်လေ့လာနိုင်ရန် နိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းယဉ်ကျေးမှုဇုန်များကို ဖွင့်လှစ်ထားမည်ဖြစ်သော်လည်း ပြတိုက်များနှင့် Site Museum များကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။


"နိုင်ငံတစ်ဝန်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိကြတဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ မန္တလေးယဉ်ကျေးမှုဇုန်၊ အင်းဝယဉ်ကျေးမှုဇုန်၊ သရေခေတ္တရာကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဇုန်၊ ဗိဿနိုးကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဇုန် စတဲ့ယဉ်ကျေးမှုအမွေအနှစ်ဇုန်တွေရှိတယ်။ အဲဒီဇုန်တွေကို လာမယ့်သင်္ကြန်ကာလမှာ ဖွင့်လှစ်ထားပါမယ်။ ဒါပေမဲ့ ပြတိုက်တွေနဲ့ Site Museumတွေကိုတော့ သင်္ကြန်ကာလအတွင်း ယာယီပိတ်ထားပါမယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုမြင့်ထွန်းက ပြောသည်။

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်း၊ အတုမရှိကျောင်း၊ မြနန်းစံကျော်ရွှေနန်းတော်နှင့် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီရွှေနန်းတော် စသော Site Museum များနှင့် ပြတိုက်များကို သင်္ကြန်ကာလအတွင်း ယာယီပိတ်ထားမည်ဖြစ်ကာ သင်္ကြန်ကာလပြီးပါက ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းယဉ်ကျေးမှုဇုန်၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဇုန်များ၌ ပြည်တွင်းခရီးသွားများကို ဇုန်ဝင်ကြေးများ ကောက်ခံခြင်းမရှိဘဲ အခမဲ့ဝင်ရောက်လည်ပတ်လေ့လာခွင့်ပြုထားပြီး နိုင်ငံခြားခရီးသွားဧည့်သည်များကို သင့်လျော်သောဝင်ကြေးများ သတ်မှတ်ကောက်ခံလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## မိုးလေဝသ သတင်း




◆ **ရွှေ့ဖိုးမှအဆက်**

လက်ရှိပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန်ရထားနှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းအတွင်း အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်ရထားများကို ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို အောက်ပါနေ့ရက်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ရောက်ချိန် | | ပြေးဆွဲမည့်နေ့ရက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အဆန်အထူးရထား | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ | ၁၁-၄-၂၀၂၄ |
| ၂ | အစုန်အထူးရထား | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ | ၁၂-၄-၂၀၂၄<br>၁၃-၄-၂၀၂၄ |
| ၃ | အဆန်အထူးရထား | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ | ၂၀-၄-၂၀၂၄ |
| ၄ | အစုန်အထူးရထား | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ | ၂၁-၄-၂၀၂၄<br>၂၂-၄-၂၀၂၄ |
| ၅ | အဆန်အထူးရထား | ရန်ကုန် | မန္တလေး | ၁၀:၀၀ | ၀၃:၁၀ | ၁၂-၄-၂၀၂၄ |
| ၆ | အစုန်အထူးရထား | မန္တလေး | ရန်ကုန် | ၂၁:၃၀ | ၁၄:၄၀ | ၁၉-၄-၂၀၂၄<br>၂၁-၄-၂၀၂၄ |

ရထားစီးခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်အား(၃)ရက်၊ ရိုးရိုးတန်းလက်မှတ်အား (၁)ရက်ကြိုတင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော်မှ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ခရီးသည်ဌာနခွဲတွင် လျှောက်လွှာဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**

# ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏ အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန (UN Department of Safety and Security- UNDSS) ၏ အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Under-Secretary-General Mr. Gilles Michaud က ကုလသမဂ္ဂဝန်ထမ်းများ၏ဘေးကင်းလုံခြုံရေးနှင့် မြန်မာနိုင်ငံ၌ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းများဆောင်ရွက်ခွင့်တို့နှင့် ပတ်သက်၍ အဓိကဆွေးနွေးသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ အလေးပေးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် သွားလာခွင့်နှင့်စပ်လျဉ်း၍ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဆွေးနွေးသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စရပ်များနှင့် ပတ်သက်၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ လုံခြုံရေးအကြံပေး Mr. Marco Smoliner တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးရာ့လေးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သုံးဆယ့်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# ပဲခူးတိုင်းဒေသကြီး၏ ဆည်ရေသောက်ဧရိယာများအတွင်း နွေသီးနှံစိုက်ပျိုးရေ အလုံအလောက်ပေးဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ ယာယီချောင်းပိတ်လုပ်ငန်းဖြင့် ဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါးစိုက်ဧက ၁၁၀၀၀ ပေးဝေရန် လျာထားချက်အပေါ်တွင် လက်ရှိ ၁၁၀၃၃ ဧက စိုက်ပျိုးရေပေးဝေနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နွေစပါးစိုက်ဧရိယာများ စိုက်ပျိုးရေအဆင်ပြေလုံလောက်စွာရရှိစေရေး အလေးထားဆောင်ရွက်ရန်၊ သီးနှံအထွက်နှုန်းကျဆင်းမှုမဖြစ်ပေါ်စေရေးအတွက် ပိုးမွှားရောဂါအန္တရာယ်ကာကွယ်ခြင်းနှင့် ပေါင်းမြက်များနှိမ်နင်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်၊ တောင်သူများ မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်ဝစွာအသုံးပြုနိုင်ရေးနှင့် ထွက်ရှိလာသည့် သီးနှံအထွက်နှုန်းများကို မှတ်သား၍ နှိုင်းယှဉ်ဆောင်ရွက်ပြီး တစ်ရာသီထက် တစ်ရာသီ သီးနှံအထွက်တိုးရေး စနစ်တကျစီမံဆောင်ရွက်ပေးရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖြူးချောင်းရေလှောင်တမံသို့ ရောက်ရှိကြပြီး နှစ်အလိုက်ဆည်ရေသောက်စနစ်ဆောင်ရွက်ပြီးစီးမှု၊ ဖြူးချောင်းရေလွှဲဆည် Rubber Dam ရှိ လေအိတ်များကို ရေမြှင့်ရေတံခါး(Stop Log) များနှင့် လဲလှယ်တပ်ဆင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဖြူးချောင်းရေလှောင်တမံမှ ၂၀၂၃-၂၀၂၄ခုနှစ် နွေစပါးလျာထားဧက ၁၇၀၀၀ ကျော်ကို လက်ရှိဆောင်ရွက်ပြီးစီးသောရေသောက်စနစ်မှ ရေပေးဝေဆောင်ရွက်လျက်ရှိပြီး မိုးစပါး၊ ပဲသီးနှံနှင့် နွေစပါးသုံးသီးစိုက် ဧက ၅၀၀၀ ခန့်ကို အကျိုးပြုလျက်ရှိကြောင်း၊ ဖြူးချောင်းရေလှောင်တမံအတွင်း ဆည်ရေသိုလှောင်ထားရှိမှုအရ သုံးသီးစိုက်ဧက တိုးတက်စိုက်ပျိုးနိုင်ရေးကြိုးပမ်းလျက်ရှိသည်။ နှစ်အလိုက်ရရှိသောဘဏ္ဍာရန်ပုံငွေများဖြင့် ရေသောက်စနစ်တူးဖော်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်သည့် ဧရိယာများတွင် သီးနှံအလိုက် စိုက်ပျိုးဧကတိုးတက်ရေး၊ သီးထပ်စွမ်းအား တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဖြူးချောင်းရေလှောင်တမံ ရေသောက်စနစ်၌ (၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် လက်ဝဲတူးမြောင်းမကြီး (LMC) တူးမြောင်းဖောက်လုပ်မှုမြေကြီးလုပ်ငန်းခွင်ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဒီဇိုင်းပုံစံကျဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်မီစွာ တည်ဆောက်နိုင်ရေးနှင့် သတ်မှတ်ကာလ အချိန်မီ ပြီးစီးရေးဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပုသိမ် ဧပြီ ၄

# စပါးခွံလောင်စာသုံး Gasifier နည်းပညာဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတက်ရောက်

နိုင်ငံတော်အတွင်းရှိ စပါးခွံလောင်စာသုံး Gasifier စက်ရုံများကို နည်းပညာအဆင့်များနှင့် စွမ်းရည်များမြှင့်တင်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုးကျိုးသက်ရောက်မှုမရှိအောင် နည်းစနစ်တကျတပ်ဆင်အသုံးပြုနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လုပ်ငန်းစဉ်များချမှတ်ကာ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီလ ၁ ရက်က နည်းပညာတက္ကသိုလ် (ပုသိမ်)တွင်ကျင်းပသည့် Gasifier နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ပေါကြွယ်ဝလျက်ရှိသော ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်များဖြစ်သည့် စပါးခွံလောင်စာများကို အလဟဿမဖြစ်စေဘဲ အကျိုးရှိစွာ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ပါကြောင်း၊ ယင်းသို့သုံးစွဲရာတွင် ကောင်းမွန်သော နိုင်ငံ့ရေမြေသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ ကျန်းမာရေးဆိုးကျိုးများမရှိစေရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရန်တို့အတွက် Reactor မီးဖို၊ ဓာတ်ငွေ့သန့်စင်စနစ်၊ ဖွဲပြာခြွေ ဖွဲပြာစစ်/ဖယ်ထုတ်စနစ်၊ အိပ်ဇောစနစ်၊ ရေဆိုးစစ်ကန် စသော Gasifier စက်ရုံရှိ အစိတ်အပိုင်းများ ဒီဇိုင်းမှန်ကန်ရန်နှင့်သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ သုံးစွဲရန်လိုအပ်ကြောင်း။

စက်ရုံမှစွန့်ပစ်ပစ္စည်းများမှ လူနှင့်သဘာဝ ပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်မှုမရှိစေဘဲ အကျိုးရှိစွာ ပြန်လည်အသုံးပြုနိုင်ကြောင်း၊ အမှန်တကယ်မှာ ဓာတ်ငွေ့ထုတ်ယူပြီးနောက် စက်ရုံထွက်ပစ္စည်းများကို အလဟဿစွန့်ပစ်ရန်မလိုဘဲ



အခြားပစ္စည်းများနှင့်ရောစပ်ကာ Zero Waste ဖြစ်သည်အထိ ပြန်လည်အသုံးချနိုင်သည့် နည်းပညာများလည်းရှိကြောင်း၊ ယင်းသို့အသုံးချကာ ထုတ်ကုန်များထုတ်လုပ်နိုင်ပါက အပိုဝင်ငွေများ ထပ်ဆောင်းရရှိနိုင်မည်ဖြစ်ပါကြောင်း၊ Gasifier စနစ်တကျ တပ်ဆင်သုံးစွဲရေးဆိုင်ရာ နည်းပညာပြန့်ပွားရေးအပြင် စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အသိပညာပေးနှင့် နည်းပညာဖြန့်ဝေသည့် အစီအစဉ်များကို ထိရောက်ပိုပြင်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံ Gasifier စက်ရုံပိုင်ရှင်များက ယခင်ဆွေးနွေးပွဲက သိရှိခဲ့သည့် ဓာတ်ငွေ့သန့်စင်စနစ်ဆိုင်ရာအချက်များအတိုင်းတပ်ဆင်ရာ ဓာတ်ငွေ့အရည်အသွေးတိုးတက်ကောင်းမွန်ရရှိမှုနှင့်တိုးတက်လာမှုအချက်များကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးမေးမြန်းကြရာ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဒေသခံ Gasifier စက်ရုံပိုင်ရှင်များသည် စက်မှုအင်ဂျင်နီယာဌာနတွင်တည်ဆောက်ကာ သုတေသနပြုဆောင်ရွက်လျက်ရှိသော ဖွဲပြာစစ်ထုတ်စနစ်ပုံစံငယ်နှင့် မြို့ပြအင်ဂျင်နီယာဌာနတွင် သုတေသနပြု ဆောင်ရွက်လျက်ရှိသော အလျားလိုက်နှင့်ဒေါင်လိုက် ရေဆိုးစစ်ကန်ပုံစံငယ်များကို လေ့လာကြည့်ရှုကြပြီး Gasifier စက်ရုံပိုင်ရှင်များ၏ သိရှိလိုသည်များ မေးမြန်းကြမှုအပေါ် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်းသိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

# ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူမှုဝန်ထမ်းရုံး၊ မူလတန်းကြိုကျောင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တောင်ငူခရိုင်ဦးစီးမှူးရုံးတို့အား ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူးရုံးသို့ ရောက်ရှိစစ်ဆေးသည်။

စစ်ဆေးစဉ် အဆောက်အဦနှင့် ဌာနပိုင်ပစ္စည်းများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ကျရောက်လာပါက လိုအပ်သည့်နေရာများသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပို့ပေးနိုင်ရေး၊ ဘေးသင့်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးလိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးရန်ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံး၊ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သက်တမ်းပြည့် သိုလှောင်ထားရှိနိုင်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူခရိုင်မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးများ၏ သင်ယူရန်နေရာများ၊ ကစားကွင်းနေရာများ၊ ချက်ပြုတ်ကျွေးမွေးရာနေရာများ၊ ကျန်းမာရေးနှင့်အညီစောင့်ရှောက်ထားရှိမှုအခြေအနေများနှင့် ရေအိမ်သုံးစွဲရာနေရာများကို ကြည့်ရှုစစ်ဆေး၍ တောင်ငူခရိုင်လူမှုဝန်ထမ်းရုံး၌ ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ တောင်ငူခရိုင်အတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးမှုအခြေအနေများကို စနစ်တကျလုပ်ကိုင်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်ပြီး သက်မွေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်နေမှု၊ သင်တန်းအမျိုးအစားအလိုက် သင်တန်းသား၊ သင်တန်းသူများက ဘဝရပ်တည်နိုင်ရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရေး၊ သင်တန်းသားအရေအတွက် တိုးမြှင့်သင်ကြားပေးနိုင်ရေး၊ သင်ကြားပို့ချပေးသော ဘာသာရပ်များသည် ခေတ်နှင့်အညီဆန်းသစ်တီထွင်သည့် အိမ်တွင်းမှုဘာသာရပ်များ သင်ကြားပေးနိုင်ရေးနှင့် သင်တန်းပြီးမြောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ရုံးများမှဝန်ထမ်းများ၊ မူလတန်းကြိုကျောင်းများမှ ဝန်ထမ်းများ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှဝန်ထမ်းများကိုတွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ၊ လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် သိကောင်းစရာများကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

▶▶ ရှေ့ဖုံးမှအဆက်

သင်္ကြန်အကျနေ့ အကြတ်နေ့နှင့်အတက်နေ့တို့တွင် YBS ကုမ္ပဏီ ၁၆ ခု၊ YBS ယာဉ်လိုင်း ၅၇ လိုင်းမှ ယာဉ် ၉၃၈ စီး ပြေးဆွဲပေးမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် ဧပြီလ ၁၇ ရက်တွင် YBS ကုမ္ပဏီ ၂၁ ခုမှ YBS ယာဉ်လိုင်းများအားလုံး ပြန်လည်ပြေးဆွဲကြမည်ဖြစ်ပြီး ယင်းနေ့တွင် Thet Yin Aung ကုမ္ပဏီစီမံမှုအောက်ရှိ YBS 63 ယာဉ်လိုင်းမှ ယာဉ် ၁၀ စီးသည် အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်းမှာ ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် YBS ယာဉ်များ စီစဉ်ဆောင်ရွက်ထားပါတယ်။ ၁၃ ရက် သင်္ကြန်အကြိုနေ့မှာ ယာဉ်အစီးရေ ၁၃၀၀ ကျော်၊ ၁၄၊ ၁၅၊ ၁၆ ရက်ထိကို ယာဉ်အစီးရေ ၉၃၈ စီး ၁၆ ရက်ထိ ပြေးဆွဲပေးမှာဖြစ်ပါတယ်။ နှစ်ဆန်းတစ်ရက်နေ့မှာတော့ YBS ယာဉ်များအားလုံး ပြန်လည်ပြေးဆွဲပေးမှာပါ။ သင်္ကြန်ကာလမှာခရီးသွားပြည်သူတွေ ယာဉ်အန္တရာယ်ကင်းကင်းနဲ့သွားလာနိုင်ဖို့အတွက် ယာဉ်မောင်းများအနေနဲ့ မူးယစ်သောက်စားပြီးတော့မမောင်းဖို့၊ ယာဉ်စီးခကိုပုံမှန်အတိုင်းပဲကောက်ဖို့ YBS ယာဉ်ကုမ္ပဏီများကိုလည်း ကျွန်တော်တို့ညွှန်ကြားထားပြီးဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

သင်္ကြန်ကာလအတွင်း၌ ယာဉ်စီးခပိုမိုတောင်းခံခြင်းမပြုရန် သက်ဆိုင်ရာမှညွှန်ကြားထားသော်လည်း ယာဉ်စီးခပိုတောင်းမှုများရှိကြောင်းနှင့် တိုင်ကြားမှုများလည်းရှိကြောင်း၊ ၂၀၂၃ ခုနှစ် သင်္ကြန်ကာလအတွင်း၌ ယာဉ်စီးခပိုမိုတောင်းခံခြင်းကြောင့် တိုင်ကြားမှု ၁၄ မှုရှိခဲ့ပြီး တိုင်ကြားသည့်အမှုများအပေါ် စိစစ်ကာ ဂိတ်တစ်လပိတ်သည်အထိ ယာဉ်များအားအရေးယူခဲ့ကြောင်း YRTC မှ သိရသည်။

ဝန်းရံခ

နေပြည်တော် ဧပြီ ၄

# ပြည်ပနိုင်ငံများမှရရှိခဲ့သည့်အတွေ့အကြုံများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန်မှာကြား

ပြည်ပသို့ အလုပ်ရုံဆွေးနွေးပွဲနှင့်အစည်းအဝေးတက်ရောက်ခဲ့ကြသူများ၏ အတွေ့အကြုံများ ပြန်လည်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် ပညာတော်သင်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုကဲ့သို့ အတွေ့အကြုံနှင့်အသိပညာများ ပြန်လည်မျှဝေခြင်းဖြင့် ပါဝင်တက်ရောက်ခဲ့သူကိုယ်တိုင်သာမက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဗဟုသုတများပြန့်ပွားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ကြီးဌာန၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အထောက်အပံ့ကောင်းဖြစ်စေကြောင်း၊ ပြည်ပနိုင်ငံများမှရရှိခဲ့သည့် အတွေ့အကြုံများနှင့် နည်းပညာအသစ်များအား မိမိတို့လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်ရေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပိုမိုအားကောင်းလာစေရေး ကြိုးပမ်းကြစေလိုကြောင်းပြောကြားသည်။

အတွေ့အကြုံရှင်းလင်းပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ တိရစ္ဆာန်ခွာနာလျှာနာရောဂါဆိုင်ရာဓာတ်ခွဲခန်းများအစည်းအဝေး၊ ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံပင်လယ်ရေကြောင်းဖိုရမ်နှင့် (၁၀)ကြိမ်မြောက် အာဆီယံရေကြောင်းတိုးချဲ့ဖိုရမ်၊ မလေးရှားနိုင်ငံ တိုင်ပင်မြို့၌ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှတိရစ္ဆာန်ဥယျာဉ်များနှင့် ငါးပြတိုက်များအစည်းအရုံးညီလာခံ၊ ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် အရှေ့တောင်အာရှဒေသတွင် တရားမဝင်ငါးဖမ်းဆီးမှုတိုက်ဖျက်နိုင်ရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအားကောင်းလာစေရေးနှင့် နိုင်ငံအဆင့်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ စီမံကိန်းအပြီးသတ်အလုပ်ရုံဆွေးနွေးပွဲ၊ Google Earth Engine ကိုအသုံးပြု၍ သမုဒ္ဒရာအတွင်းရှိ အချက်အလက်များကောက်ယူရေးဆွဲခြင်းဆိုင်ရာ ဒေသတွင်းပညာရပ်ဆိုင်ရာဆွေးနွေးပွဲတို့တွင် မြန်မာနိုင်ငံကိုယ်စားပြုတက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များနှင့် ပညာတော်သင်ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရှင်းလင်းဆွေးနွေးပွဲတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆွေးနွေးပွဲကောက်နုတ်ချက်များ၊ သုံးသပ်ချက်များနှင့် ရလဒ်များအား လယ်ယာသားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ရေး ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နွေရာသီတွင် ရေချိုးစနစ်မှန်စေချင်

ပေါက်ပေါက်

အိုဇုန်းလွှာပြဿနာကြောင့် ကမ္ဘာကြီးပူနွေးလျက်ရှိရာ မြန်မာနိုင်ငံ၏ရာသီဥတုသည်လည်း တစ်နေ့ထက်တစ်နေ့ အပူချိန်မြင့်တက်လျက်ရှိသည်။ နေ့ရောညပါ ချွေးထွက်၍ ရေများများသောက်ပေးရန်လိုအပ်လာသည်။ အဘယ်ကြောင့်ဆိုသော် အပူဒဏ်ကိုရင်ဆိုင်ရာတွင် လူတို့၏ဇီဝပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန် ရေသည် မရှိမဖြစ်အရာဖြစ်သည်။ အပူဒဏ်ကြောင့် တစ်နာရီကြာချွေးထွက်ခြင်းအတွက် သန့်ရှင်းသောသောက်ရေ ငှက်ပျောဖူးနှစ်ပုလင်း (တစ်လီတာခန့်) သောက်သုံးပေးသင့်သည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူ လူတစ်ဦးအတွက် တစ်ရက်လျှင် သန့်ရှင်းသောသောက်ရေ ငှက်ပျောဖူး ၁၀ ပုလင်းမှ ၁၆ ပုလင်း (ငါးလီတာမှ ရှစ်လီတာခန့်)ကို ဓာတ်ဆားရည်နှင့်ရော၍ သောက်သုံးပေးသင့်သည်။ အဘယ်ကြောင့် ရေများများသောက်သင့်သနည်း။

- လူတစ်ယောက်သည် အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက် (၄၁ ဒီဂရီစင်တီဂရိတ်)တွင် အချိန်ကြာကြာ အပူဒဏ်ခံနေရပါက ဦးနှောက်ကလာပ်စည်းများ ထိခိုက်ပျက်စီးစေနိုင်သည်။
- လူတစ်ယောက်သည် အပူချိန် ၁၀၉ ဒီဂရီဖာရင်ဟိုက် (၄၃ ဒီဂရီစင်တီဂရိတ်)တွင် အသက်သေဆုံးနိုင်သည်။

ထို့ကြောင့် ပြောင်းလဲလာသော ပြင်ပအပူချိန်နှင့်အတူ လူ့ခန္ဓာကိုယ်တွင်းအပူချိန် မျှခြေဖြစ်စေရန် ပူပြင်းသောရာသီတွင် ရေများများသောက်ပေးသင့်သည်။ ထို့ပြင် အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန် ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်တွင်း အပူငြိမ်း၍ အေးမြစေသော အစားအသောက်များဖြစ်သည့် နွားနို့၊ ဒိန်ချဉ်၊ အုန်းစိမ်းရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ ဖရဲသခွား၊ သခွားမွှေး၊ သံပရာသီး၊ သခွားသီး၊ ဘူးသီး၊ မန်ကျည်းသီး၊ ရှောက်သီး၊ ပူဒီနာရွက်၊ ဂေါ်ရခါးသီး၊ မုန်လာဥအဖြူ စသည်တို့ကို စားပေးသင့်သည်။

**နွေရာသီ ရေချိုးသင့်သောအချိန်**

ပူပြင်းသောရာသီတွင် ရေချိုးနည်းမှန်ကန်ရန် အထူးအရေးကြီးပါသည်။ ရေချိုးနည်းမှန်ကန်မှသာလျှင် အပူကိုအကြောင်းခံ၍ဖြစ်ပေါ်သော လေသင်တုန်းရောဂါကို ကာကွယ်နိုင်မည်ဖြစ်သည်။ ရေချိုးရာတွင်လည်း အချိန်အခါမဟုတ် မချိုးသင့်ပေ။ ဆောင်း ၁၀၊ နွေကိုး၊ မိုးခုနစ် ရေချိုးစနစ် အကျိုးဖြစ်၏ဟု ရှေးပညာရှိများက မိန့်ဆိုထားသည်။ ထို့ကြောင့် နွေရာသီအတွက် ရေချိုးရန်အသင့်လျော်ဆုံးအချိန်မှာ နံနက် ၉ နာရီဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရာသီဥတုအရ ၁၂ လရာသီပတ်လုံး နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းသာ ရေချိုးသင့်ကြောင်း မှတ်သားလိုက်နာသင့်ပေသည်။

နေပူထဲကပြန်လာလျှင် ချက်ချင်းရေမချိုးသင့်ပေ။ နေပူထဲကပြန်လာပြီးနောက် ရေကိုဝအောင်သောက်၍ (ရေခဲရေမသောက်ပါနှင့်) ခေတ္တအနားယူပြီးမှသာ ရေချိုးသင့်သည်။ မည်မျှပင် ပူအိုက်နေပါစေ ညဘက်ရေချိုးခြင်းကို ရှောင်ရှားသင့်ပေသည်။ ညဘက်ရေချိုးခြင်းက သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးမှား၍ ဖျားနာတတ်သည်။ အကယ်၍ မဖြစ်မနေညဘက် ရေချိုးရပါက အိမ်ထဲတွင် ၁၅ မိနစ်ခန့် မရပ်မနားလမ်းသွက်သွက်လျှောက်ပြီး လည်ကုပ်နှင့်ချိုင်း ချွေးစို့လာမှသာ ရေချိုးသင့်သည်။

**မှန်ကန်သော ရေချိုးနည်းစနစ်**

ပုံမှန် ကျန်းမာရေးကောင်းမွန်နေသူအတွက် လိုက်နာသင့်သော ရေချိုးပုံနည်းစနစ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

- ပထမအဆင့်တွင် ဒူးဆစ်အောက်ပိုင်း ခြေထောက်မှစ၍ ရေလောင်းချိုးပါ။
- ဒုတိယအဆင့်တွင် ခါး၊ ပေါင် စသည်တို့မှစ၍ ရေလောင်းချိုးပါ။
- တတိယအဆင့်တွင် ကျောပြင်မှစ၍ ရေလောင်းချိုးပါ။
- စတုတ္ထအဆင့်တွင် တစ်ကိုယ်လုံး ရေလောင်းချိုးပါ။

ထိုနည်းစနစ်ဖြင့် ရေချိုးလျှင် ခန္ဓာကိုယ်အတွင်း အောင်းနေသော အပူ၊ အပုပ်၊ အခိုးများ တရှိန်ရှိန်ထွက်၍ ကိုယ်လက်ပေါ့ပါးကာ စိတ်ကြည်လင်လန်းဆန်းလာစေမည်။ အထူးသတိထားဆင်ခြင်ရန်မှာ ခေါင်းမှစ၍ ရေလောင်းချိုးလျှင် တစ်ကိုယ်လုံးရှိ အခိုးအငွေ့များ ဦးခေါင်းထဲရောက်လာ၍ ခေါင်းကိုက်၊ ခေါင်းမူး၊ မျက်စိမှုန်၊ ဆံပင်ကျွတ်၊ ထိပ်ပြောင် စသည်တို့ဖြစ်စေသည်။ ထို့ကြောင့် ခေါင်းလျှော်ရာတွင်လည်း အထက်ဖော်ပြပါ ရေချိုးပုံနည်းစနစ်အဆင့်ဆင့်အတိုင်း လိုက်နာသင့်သည်။

အထက်ပါရေချိုးနည်းသည် ပုံမှန်ကျန်းမာရေးကောင်းမွန်နေသူများအတွက်ဖြစ်သော်လည်း အမြဲခြေဖျားလက်ဖျားအေးစက်လေ့ရှိသူများ၊ သွေးပေါင်ချိန်ကျသူများနှင့် တစ်မိနစ်လျှင် သွေးခုန်နှုန်းအကြိမ်ရေ ၅၀ အောက်နည်းသူများအနေဖြင့် ရေမချိုးမီ အသက်ပြင်းပြင်းရှူပါ။ လေကောင်းလေသန့်ရသောနေရာ၌ ခေတ္တလမ်းလျှောက်ပြီး ရေနွေးဖြင့်ချိုးပါ။ သို့သော် ရေနွေးအပူသည် လူ့ခန္ဓာကိုယ်အပူချိန်ထက် ပို၍မပူသင့်ပေ။ ရေနွေးနှင့်ရေချိုးနေစဉ် မျက်နှာသုတ်ပဝါတစ်ထည်ကို ရေအေးဆွတ်၍ ဦးခေါင်းတွင် ပေါင်းထားသင့်သည်။

**ရေချိုးခြင်း၏ အကျိုးကျေးဇူးများ**

နေ့စဉ် ရေချိုးခြင်းအားဖြင့် လူ့ခန္ဓာကိုယ်ကို အပူ၊ အအေးမျှတအောင် သဘာဝနည်းဖြင့် ပြုပြင်ပေးရာရောက်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ခန္ဓာကိုယ် အပူ၊ အအေးမျှတအောင် သဘာဝအလျောက်ပြုပြင်ပေးသည့် ကုထုံးတွင် ရေချိုးခြင်းက အထိရောက်ဆုံးနှင့် အလွယ်ကူဆုံးနည်းစနစ်ဖြစ်သည်။ ရေမှန်မှန်ချိုးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

- လူ့ခန္ဓာကိုယ်မှထွက်သည့် မကောင်းသော အခိုး၊ အနံ့နှင့်ကြေးညှော်များကို သန့်ရှင်းစင်ကြယ်စေသည်။
- အာဂန္တုပိုးမွှားများကို ပယ်ဖျောက်စေသည်။ ထိုမျှမက ကူးစက်တတ်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးများကိုလည်း ရေများများလောင်း၍ ဆပ်ပြာမော်လီကျူးများဖြင့် နှိမ်နင်းနိုင်သည်။
- လူ့ခန္ဓာကိုယ်မှထွက်သော ချွေး၊ အဆီ၊ အစေးတို့သည် ကိုးသောင်းကိုးထောင်သော မွေးညင်းပေါက်များကိုပိတ်ဆို့ထားရာ ရေချိုးလိုက်ခြင်းဖြင့် ယင်းမွေးညင်းပေါက်များ ပွင့်လာစေသည်။ အခိုးပွင့်လာသဖြင့် စိတ်ကြည်လင်လန်းဆန်းလာသည်။
- ရေမှန်မှန်ချိုးခြင်းဖြင့် မျက်စိကြည်လင်စေပြီး သွားကိုက်၊ သွားနာခြင်း၊ သွားဖုံးရောင်ခြင်း၊ ခေါင်းအုံခြင်း၊ အကြောတက်ခြင်း၊ နားအူခြင်းတို့မှ ကာကွယ်နိုင်သည်။
- ပင်ပင်ပန်းပန်းအလုပ်လုပ်ကိုင်ပြီးနောက် ရေချိုးလိုက်သောအခါ ချက်ချင်းဆိုသလို အားအင်ပြန်လည်ပြည့်ဖြိုးလာသလို ခံစားရနိုင်သည်။
- သဘာဝပတ်ဝန်းကျင် လေထုနှင့်ထိတွေ့မှုနည်းသော ခန္ဓာကိုယ်ရှိ အစိတ်အပိုင်းများဖြစ်ကြသည့် ပေါင်ခြံ၊ ချိုင်းကြားတို့ကို ရေချိုးခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေသည်။
- ရေချိုးခြင်းဖြင့် မျက်စိ၊ နား၊ နှာခေါင်း ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ လွန်စွာကောင်းကျိုးပြုသည်။
- နွေရာသီတွင် ခံတွင်းပျက်ပြီး အစားစားလိုစိတ်မရှိသော သက်ကြီးရွယ်အိုများ ရေချိုးပြီးနောက် ထမင်းစားပါက ခံတွင်းလိုက်ပြီး ထမင်းမြိန်စေသည်။

**အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်း**

အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်းအဆင့်ဆင့်ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- အရိပ်ထဲတွင် ရေချိုးပါ။
- ဦးစွာ ရေတစ်ဖန်ခွက်အပြည့်သောက်ပါ။
- ထို့နောက် ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြောစနစ်များ ဖြစ်ကြသည့် ခြေထောက်အောက်ပိုင်း၊ လက်ဖျားနှင့် လက်မောင်းတို့ကို ကြိုတင်အသိပေးသည့်အနေဖြင့် ရေဆွတ်ပေးပါ။
- ထို့နောက် မျက်နှာသစ်ပါ။
- တစ်ဆက်တည်းမှာပင် လည်ကုပ်နှင့် လည်ပင်းတို့ကို ရေနှင့်ပက်ပေးပါ။
- ပြီးမှ ရေလောင်းချိုးပါ။
- ရေချိုးပြီးမှ သွားတိုက်ပါ။
- အလွန်အေးစိမ့်သောရေကို မချိုးရ။
- ဆပ်ပြာကိုလည်း ရှားစောင်းလက်ပပ်နှင့် မန်ကျည်းတို့ပါဝင်သော ဆပ်ပြာကိုသုံးပါ။
- ရေချိုးပြီးခါစဖြစ်သော်လည်း နွေရာသီတွင် ချွေးထွက်တတ်သည်။ ရေချိုးပြီးခါစ ပန်ကာလေမခံပါနှင့်။
- ရေချိုးပြီးနောက် ရေခြောက်အောင်သုတ်ပါ။
- နေ့စဉ်မှန်မှန် သနပ်ခါးရေကျဲလိမ်းပေးပါ။

**(မှတ်ချက်)**

ရေချိုးသောအခါ ရုတ်တရက် ရေလောင်းချိုးခြင်းမပြုပါနှင့်။ ယင်းနည်းက ကိုယ်အငွေ့ အပြင်သို့မထွက်တော့ဘဲ အပူငုပ်ပြီး ရောဂါရတတ်သည်။ ပူပြင်းသောရာသီတွင် ရေချိုးရန်ကြာမြင့်ချိန်သည် အနည်းဆုံး ခုနစ်မိနစ်မှ အများဆုံး ၁၁ မိနစ်ခန့်ဖြစ်သင့်သည်။ မြစ်၊ ချောင်းများတွင် ရေချိုးသူများသည် မြစ်၊ ချောင်းထဲသို့ ချက်ချင်းခုန်မချဘဲ ရေဖြင့် ကိုယ်လက်တို့ကိုပွတ်သပ်ပြီးမှ ရေထဲသို့ဆင်းပါ။ နေပူကျဲကျဲအချိန်၊ ဖျားနာနေချိန်၊ နေပူထဲက ပြန်ရောက်ခါစအချိန်၊ အလုပ်သိမ်းခါစ မောပန်းနွမ်းနယ်ချိန် သို့မဟုတ် အားကစားလုပ်ပြီးပြီးချင်း ချွေးထွက်များချိန်၊ ခရီးရောက်မဆိုက်အချိန် စသည့်အချိန်များတွင် ရေချိုးပါက အဆုတ်နာရောဂါ၊ မျက်စိမှုန်ခြင်း၊ မျက်စိနာခြင်း၊ နားအူခြင်း၊ နားထဲမှလေထွက်ခြင်း၊ နားပင်းခြင်းနှင့် လေဖြတ်လေငန်းရောဂါများ ဖြစ်စေသည်။

အထူးသတိပြုရန်မှာ မည်သည့်ရာသီဥတုတွင်မဆို အလွန်အေးသောရေနှင့် အလွန်ပူနွေးသောရေကို မချိုးပါနှင့်။ ရေမချိုးမီ ရေတစ်ခွက်ကြိုတင်သောက်ထားသင့်ပြီး ရေလောင်းမချိုးမီ ဆီးအရင်သွားထားရန်လိုအပ်သည်။ ရေမချိုးမီ ခြေဖဝါးကိုဆားပွတ်ခြင်းက အလွန်ကောင်းမွန်သော အလေ့အထဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အနာရောဂါကင်းဝေးပြီး သက်တမ်းစေ့နေထိုင်နိုင်စေရေးအတွက် ရေချိုးရာတွင် စနစ်တကျဖြစ်စေရန်လိုအပ်သည်။ ရေချိုးမှားတတ်သူများ၊ အပူလေသင်တုန်းဖြစ်လွယ်သော သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအတွက် ယခုနှစ်နွေရာသီတွင် အပူဒဏ်ခံနိုင်စေရန် ဆေးဖက်ဝင်ရေချိုးနည်းကို ဤဆောင်းပါးမှတစ်ဆင့် အကြံပြုရေးသားလိုက်ရပါသည်။ ဤနည်းက ခန္ဓာကိုယ်တစ်ခုလုံးကို တဖြည်းဖြည်းအေးမြစေခြင်းမျိုးဖြင့် အပူမလျှပ်စေသော ရေချိုးနည်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

> “နေပူထဲကပြန်လာလျှင် ချက်ချင်းရေမချိုးသင့်ပေ။ နေပူထဲကပြန်လာပြီးနောက် ရေကိုဝအောင်သောက်၍ (ရေခဲရေမသောက်ပါနှင့်) ခေတ္တအနားယူပြီးမှသာ ရေချိုးသင့်သည်။ မည်မျှပင် ပူအိုက်နေပါစေ ညဘက်ရေချိုးခြင်းကို ရှောင်ရှားသင့်ပေသည်။ ညဘက်ရေချိုးခြင်းက သွေးလေထိုင်းမှိုင်းပြီး အခိုးမထွက်တော့ဘဲ ရေချိုးမှား၍ ဖျားနာတတ်သည်။ အဆိုးဆုံးအခြေအနေတွင် လေဖြတ်တတ်သည်။ အကယ်၍ မဖြစ်မနေ ညဘက်ရေချိုးရပါက အိမ်ထဲတွင် ၁၅ မိနစ်ခန့် မရပ်မနားလမ်းသွက်သွက်လျှောက်ပြီး လည်ကုပ်နှင့်ချိုင်း ချွေးစို့လာမှသာ ရေချိုးသင့်သည်…”

> “ရေချိုးသောအခါ ရုတ်တရက် ရေလောင်းချိုးခြင်းမပြုပါနှင့်။ ယင်းနည်းက ကိုယ်အငွေ့ အပြင်သို့မထွက်တော့ဘဲ အပူငုပ်ပြီး ရောဂါရတတ်သည်။ ပူပြင်းသောရာသီတွင် ရေချိုးရန်ကြာမြင့်ချိန်သည် အနည်းဆုံး ခုနစ်မိနစ်မှ အများဆုံး ၁၁ မိနစ်ခန့်ဖြစ်သင့်သည်။ မြစ်၊ ချောင်းများတွင် ရေချိုးသူများသည် မြစ်၊ ချောင်းထဲသို့ ချက်ချင်းခုန်မချဘဲ ရေဖြင့် ကိုယ်လက်တို့ကိုပွတ်သပ်ပြီးမှ ရေထဲသို့ဆင်းပါ။ နေပူကျဲကျဲအချိန်၊ ဖျားနာနေချိန်၊ နေပူထဲက ပြန်ရောက်ခါစအချိန်၊ အလုပ်သိမ်းခါစ မောပန်းနွမ်းနယ်ချိန် သို့မဟုတ် အားကစားလုပ်ပြီးပြီးချင်း ချွေးထွက်များချိန်၊ ခရီးရောက်မဆိုက်အချိန် စသည့်အချိန်များတွင် ရေချိုးပါက အဆုတ်နာရောဂါ၊ မျက်စိမှုန်ခြင်း၊ မျက်စိနာခြင်း၊ နားအူခြင်း၊ နားထဲမှလေထွက်ခြင်း၊ နားပင်းခြင်းနှင့် လေဖြတ်လေငန်းရောဂါများ ဖြစ်စေသည်…”

# "စာပေဆိုတာ လောကလူသားတွေအတွက် မျက်စိဖွင့်ပေးတဲ့အလင်းရောင်ဖြစ်တယ်။ စာပေကိုလေ့လာဖတ်ရှုပြီး ဆည်းပူးနိုင်မယ်ဆိုရင် အကျိုးများမယ်။ အတွေးအခေါ်တွေရင့်ကျက်မယ်။ နိုင်ငံအတွက်နဲ့မိမိပတ်ဝန်းကျင်မှာ အကျိုးရှိတဲ့လုပ်ငန်းတွေကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်"

ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်မှဌာနချုပ်များ/ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့တက်ရောက်လာသူများ၏ စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများ၊ စာကြည့်တိုက်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကြံပြုပြောဆိုသည့် စကားသံများကိုလည်း အောက်ပါအတိုင်းကြားသိခဲ့ရသည်-**



**ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ**



ကျွန်တော်က မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးအုန်းမောင် (စာရေးဆရာ မြင်းမူမောင်နိုင်မိုး)ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာသတင်းမီဒီယာကောင်စီရဲ့ ဥက္ကဋ္ဌအဖြစ်လည်းတာဝန်ထမ်းဆောင်နေပါတယ်။ ဒီနေ့က မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့စာကြည့်တိုက်များ၊ တပ်မတော်ဌာနချုပ်များ၊ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့စာကြည့်တိုက်များကို နိုင်ငံတော်ကနေ စာအုပ်စာစောင်များပေးအပ်တဲ့ အခမ်းအနားဖြစ်ပါတယ်။ ကျွန်တော်ကစာရေးဆရာအသင်းအနေနဲ့ရော၊ သတင်းမီဒီယာကောင်စီအနေနဲ့ရော၊ စာကြည့်တိုက်ဖောင်ဒေးရှင်းအနေနဲ့ရော တက်ရောက်ခြင်းဖြစ်ပါတယ်။ စာကြည့်တိုက်တွေ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အဓိကကတော့ နိုင်ငံတော်ရဲ့ထောက်ပံ့ကူညီမှုကိုလည်း အများကြီးလိုအပ်ပါတယ်။ နောက်ပြီး စာကြည့်တိုက်တွေမှာလည်း စာကြည့်တိုက်ဆောက်ဖို့မြေနေရာနဲ့ အဆောက်အအုံ၊ စာအုပ်တွေရှိရမယ်။ နောက်ပြီး စာအုပ်ဖတ်ရှုငှားရမ်းတဲ့သူတွေနဲ့စာကြည့်တိုက်မှူးလည်းရှိရမယ်။ နောက်တစ်ချက်က ဘတ်ဂျက်လည်းရှိရမယ်။ အမှန်တော့ မြို့နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ ကိုယ်ထူကိုယ်ထစနစ်နဲ့ထူထောင်ထားတဲ့ စာကြည့်တိုက်တွေရော၊ ဖောင်ဒေးရှင်းရဲ့အကူအညီ၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့အကူအညီနဲ့ ထူထောင်ထားတဲ့ စာကြည့်တိုက်များအားလုံးဟာ တကယ်တော့မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင်အတွက်ကို ဝိုင်းဝန်းကြိုးစားပြီးတော့မှ ဘဏ္ဍာငွေရရှိအောင်လည်းရှာဖွေနိုင်ရမယ်။ စာတကယ်ဖတ်ချင်တဲ့သူတွေ၊ စာဖတ်တဲ့သူတွေကို ဖော်ရှီးမဟုတ်ဘဲ တစ်ယောက်လာလာ၊ နှစ်ယောက်လာလာ တကယ့်ကိုဆောင်ရွက်လုပ်ဆောင်ပေးသင့်တယ်လို့ ယူဆပါတယ်။ ရှေးလူကြီးတွေက စာဖတ်ခြင်းအကျိုးကို ရေးခဲ့တဲ့ကဗျာ၊ စာတွေရှိခဲ့ပါတယ်။ **"စာပေမျက်စိအမြင်မရှိက မသိတရားအယူမှား၏" "စာပေမျက်စိထင်လင်းရှိမှ အသိဉာဏ်လင်း နေသို့ဝင်း၏"**ဆိုတဲ့အတိုင်း စာပေဆိုတာ လောကလူသားတွေအတွက် မျက်စိဖွင့်ပေးတဲ့အလင်းရောင် ဖြစ်ပါတယ်။ စာပေကိုလေ့လာဖတ်ရှုပြီး ဆည်းပူးနိုင်မယ်ဆိုရင်အကျိုးများမယ်။ အတွေးအခေါ်တွေရင့်ကျက်မယ်။ နိုင်ငံအတွက်နဲ့ မိမိပတ်ဝန်းကျင်မှာ အကျိုးရှိတဲ့လုပ်ငန်းတွေကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ ရှာဖွေဖတ်လော့၊ ဖတ်ဖန်သော်များ၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်"ဟု ရှေးစာဆိုကြီးတွေက ရေးစပ်ဖွဲ့ဆိုထားခဲ့ကြပါတယ်။ တပ်မတော်တပ်ရင်းတပ်ဖွဲ့တွေတိုင်းမှာ စာကြည့်တိုက်တွေရှိပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း စာကြည့်တိုက်တွေရှင်သန်အောင် အများကြီး ထောက်ပံ့ကူညီပေးနေတာတွေရှိပါတယ်။ ဈေးနှုန်းသက်သာတဲ့ မြဝတီစာပေတိုက်တို့၊ စာပေဗိမာန်တို့က နေထုတ်ဝေတဲ့စာအုပ်တွေကိုလည်း အဲဒီအထဲမှာ ဖြည့်ဆည်းထည့်သွင်းခင်းကျင်းထားတာကိုလည်း ကျွန်တော်တို့တွေ့မြင်ရပါတယ်။ တကယ်တော့ စာအုပ်တွေရှိနေသလို စာဖတ်ဖို့ရဲဘော်တွေ၊ စစ်သည်တွေ၊ ရဲမေတွေအချင်းချင်း အချိန်ရတဲ့အခါ၊ အားတဲ့အခါတွေမှာ စာကြည့်တိုက်မှာ မွေ့လျော်ပျော်ရွှင်အောင်တတ်နိုင်သမျှ စာဖတ်ဝိုင်းအခမ်းအနားလေးတွေ လုပ်သင့်တယ်လို့ထင်မိပါတယ်။ ဆောင်းပါးတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို ရဲဘော်တွေ၊ စစ်သည်တွေ၊ ရဲမေတွေ၊ မိသားစုဖြစ်ဖြစ် ခံစားပြီး စာပေတွေကို နှီးနှောဖလှယ်ဆွေးနွေးကြလို့ရှိရင် တပ်တွင်းစာကြည့်တိုက်တွေရဲ့ တိုးတက်အောင်မြင်မှုကလည်းပိုပြီးရလာလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ အဖေကလည်းစစ်သားဆိုတော့ ကျွန်တော် ငယ်ငယ်ကတည်းက တပ်မတော်စာစဉ်ကိုဖတ်ခဲ့ရပါတယ်။ တပ်မတော်စာစဉ်ရဲ့ အပြင်အဆင်ကလည်း ကောင်းပါတယ်။ ကျွန်တော်တို့က စာအုပ်အပြင်အဆင်ဆိုတာထက် စာပေအနှစ်သာရလည်းပါမယ်။ သို့သော်လည်း အီအိုင်လေးလံမနေအောင် ရုပ်ပြတွေ၊ ကာတွန်းတွေကို တစ်ကွက်ကောင်းနှစ်ကွက်ကောင်းနဲ့ တပ်မတော်သားတွေရဲ့ လက်တွေ့ဖြတ်သန်းခဲ့ရတဲ့ဘဝတွေကိုဖော်ကျူးတဲ့ ဝတ္ထုတွေ၊ ကဗျာတွေကို ထည့်ပေးလိုက်နိုင်မယ်ဆိုရင် နောက်ပြီး စာမျက်နှာလည်း အခုထက်ပိုများမယ်ဆိုရင် ပိုအောင်မြင်ပြီးတော့ စစ်သည်တွေ မက်မက်မောမောဖတ်ရှုကြမယ်လို့ ကျွန်တော်ထင်မိပါတယ်။ နောက်ပြီး စာဖတ်သူများဖို့အတွက် တိုက်တွန်းလှုံ့ဆော်နိုင်ဖို့အများကြီးလိုအပ်တယ်လို့ ပြောချင်ပါတယ်။

**ဦးဟန်ညွန့် (ယဉ်ကျေးမှု)**



ဒီနေ့အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် စာရေးဆရာအသင်းအနေနဲ့ တက်ရောက်လာခြင်းဖြစ်ပါတယ်။ စာအုပ်စာပေဆိုတာကတော့ လူ့မိတ်ဆွေဖြစ်ပါတယ်။ စာဖတ်မှပဲအသိဉာဏ်တိုးမယ်။ အသိဉာဏ်တိုးမှလည်း တိုင်းပြည်အတွက် အားထားရတဲ့ လူချွန်လူကောင်းတွေထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် စာတွေကို များများဖတ်ပေးသင့်ပါတယ်။ စာတတ်ပြီးစာမဖတ်ရင်လည်း အဆင်မပြေပါဘူး။ နောက်ပြီး စာကြည့်တိုက်တွေကို များများဖွင့်နိုင်မှ တိုင်းပြည်အတွက်လူမှုရေးဆိုင်ရာတွေမှာ တိုးတက်လာမယ်လို့မြင်ပါတယ်။ တိုင်းဒေသကြီး၊ မြို့နယ်၊ ရပ်ကွက်ဒေသအလိုက် စာကြည့်တိုက်တွေများများဖွင့်လေ အကျိုးရှိပါတယ်။ စာကြည့်တိုက်တွေပိုပြီးဖွင့်လှစ်နိုင်လေလေ ပိုပြီးအကျိုးကျေးဇူးတွေ ပိုများလေလေပါပဲ။ စာကြည့်တိုက်ဖွင့်ပြီး သော့ခတ်ထားမယ်ဆိုရင်လည်း အဆင်မပြေပါဘူး။ စာကြည့်တိုက်ဖွင့်မယ်ဆိုကတည်းက လူငယ်တွေ၊ လူကြီးတွေ၊ လူလတ်ပိုင်းတွေအကုန်လုံးက စာကြည့်တိုက်မှာပဲ စိတ်ပါဝင်စားစွာနဲ့စာဖတ်ရှုဖို့လိုကြောင်း ပြောချင်ပါတယ်။ စာများများဖတ်ခြင်းဖြင့် အကျိုးကျေးဇူးတွေ အများကြီးရရှိနိုင်မှာဖြစ်တယ်လို့ပြောလိုပါတယ်။

**ဦးမောင်မောင်တာ(သဘာဝ)၊ နေပြည်တော်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ**



ကျွန်တော်ကတော့ ဦးမောင်မောင်တာဖြစ်ပါတယ်။ စာရေးဆရာအမည်က သဘာဝကလောင်အမည်နဲ့ စာတွေရေးပါတယ်။ အခုအခမ်းအနားကို နေပြည်တော်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေနဲ့တက်ရောက်လာခြင်းဖြစ်ပါတယ်။ နေပြည်တော်မှာရှိတဲ့ စာကြည့်တိုက်ပေါင်း ၁၂၀ လောက်ရှိပါတယ်။ ကျေးရွာ၊ ရပ်ကွက်တွေမှာရှိတဲ့စာကြည့်တိုက်တွေကို စာအုပ်စာပေများဖြန့်ဝေခြင်းအားဖြင့် ကျေးရွာနေ၊ ရပ်ကွက်နေပြည်သူလူထုတွေက စာပေဗဟုသုတတွေကို ဖတ်ရှုလေ့လာခြင်းအားဖြင့် စာပေမှရရှိတဲ့အသိပညာများနဲ့ ရပ်ရွာအကျိုးစွမ်းဆောင်နိုင်တဲ့ စာပေအသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွက်လာမှာဖြစ်ပါတယ်။ စာပေဗဟုသုတတွေကိုဖတ်ရှုပြီး လက်တွေ့လိုက်နာကျင့်သုံးမယ်ဆိုရင် တစ်ဦးချင်းစီရဲ့ကျန်းမာရေး၊ အားကစား၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစတာတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး မိမိရပ်ရွာ၊ မိမိမြို့နယ်မှတစ်ဆင့် နိုင်ငံအဆင့်အထိ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မျိုးဆက်သစ်များအတွက်လည်း အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုမျိုးစာအုပ်တွေကို လှူဒါန်းပေးတာလည်း အလွန်ကောင်းပါတယ်။ ဝမ်းသာဂုဏ်ယူမိပါတယ်။ စာကြည့်တိုက်တွေရှင်သန်တည်မြဲဖို့အတွက် စံသတ်မှတ်ထားတာကတော့ B ငါးလုံးလို့ဖြစ်ပါတယ်။ အဲဒါတွေကတော့ အဆောက်အအုံ၊ စာအုပ်စာစောင်၊ စာဖတ်သူ၊ စာကြည့်တိုက်မှူး၊ ရန်ပုံငွေဆိုပြီး သတ်မှတ်ထားတဲ့အချက်ငါးချက်ရှိပါတယ်။ ဒီငါးချက်ပြည့်စုံရမယ့်အပြင် စာကြည့်တိုက်တွေကို အချိန်မှန်နေ့စဉ်ဖွင့်ဖို့လိုပါတယ်။ စာဖတ်ပရိသတ်တွေကို ဆွဲဆောင်နိုင်မယ့်အစီအစဉ်တွေကိုလည်း စာကြည့်တိုက်တွေကလုပ်ဆောင်နိုင်ဖို့လိုပါတယ်။ ဒီလိုလုပ်ဆောင်ပေးနိုင်ဖို့ဆိုရင် အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ စာရေးဆရာတွေ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့ဝင်တွေ၊ ကျေးရွာရပ်ကွက်ပြည်သူလူထုတွေအားလုံး ဒီအားငါးအားလုံးစုပေါင်းလုပ်မှသာ စာကြည့်တိုက်ကရေရှည်တည်တံ့ဖွံ့ဖြိုးမှာဖြစ်ပါတယ်။ ဒီနေ့ စာအုပ်လှူဒါန်းတဲ့အခမ်းအနားက အင်မတန်မှ မင်္ဂလာရှိတဲ့အပြင် အနာဂတ်အတွက် ကောင်းမွန်တဲ့ **စာမျက်နှာ ၁၀ သို့ ●**

● စာမျက်နှာ ၉ မှအဆက်

ရည်ရွယ်ချက်လည်းဖြစ်ပါတယ်။ ဒီအတွက် အလွန်ဝမ်းမြောက်မိကြောင်းနဲ့ ထာဝရ ရှင်သန်ထက်မြက်ဖို့အတွက် အားငါးအား ကဆက်လက်စုပေါင်းပြီး ဆောင်ရွက်ဖို့ တိုက်တွန်းပြောလိုပါတယ်။

**မသိမ့်မြတ်နိုး၊ ဇမ္ဗူသီရိမြို့နယ်၊ အ. ထ. က(၁၁)**



ကျွန်မကတော့ ဇမ္ဗူသီရိမြို့နယ် အ. ထ. က(၁၁)မှာ တက်ရောက်နေတဲ့ ကျောင်းသူပဲဖြစ်ပါတယ်။ ကျောင်းက ဆရာမတွေကခေါ်တာနဲ့ ကျွန်မကိုယ်တိုင်ကလည်း စာပေတွေကိုဖတ်ရတာဝါသနာလည်းပါတော့ ဒီပွဲအခမ်းအနားကိုတက်ရောက်ခြင်းဖြစ်ပါတယ်။ အခမ်းအနားမှာ တက်ရောက်ရတဲ့အတွက်ဝမ်းသာပါတယ်။ အခုဆိုရှယ်မီဒီယာတွေ ခေတ်စားလာတဲ့ အတွက် ကျောင်းသားလူငယ်တွေက အွန်လိုင်းပေါ်က မီဒီယာတွေအပေါ်မှာအချိန်ဖြုန်းဖတ်ရှုလာတာကိုတွေ့ရပါတယ်။ ကျွန်မတို့ ကျောင်းသားလူငယ်တွေက ကျောင်းစာအပြင် ပြင်ပကဗဟုသုတရရှိတဲ့စာတွေကို ဖတ်ရှုဖို့လိုပါတယ်။ အဲဒီလိုဖတ်ရှုဖို့လိုတဲ့ အတွက် စာအုပ်ထဲမှာပါတဲ့အသိပညာဗဟုသုတတွေရဲ့အကျိုးကျေးဇူးကိုရရှိစေမှာဖြစ်ပါတယ်။ ဆိုရှယ်မီဒီယာကစာတွေက ဒေသန္တရစကားတွေအများကြီးပါပြီး အကျိုးမရှိတဲ့ အသုံးအနှုန်းတွေ အများကြီးပါတာကို တွေ့ရတယ်။ ကျောင်းသားလူငယ်တွေအတွက် ဆိုရင် တချို့ဆိုမသင့်လျော်တဲ့စကားလုံးတွေ အများကြီးပါတာကိုတွေ့ရတယ်။ ပွင့်ပွင့်လင်းလင်းသုံးနှုန်းပြောဆိုတာတွေလည်း တွေ့ရပါတယ်။ စာအုပ်စာပေမှာကျတော့ သက်ဆိုင်ရာက စာပေစိစစ်ပြီး တရားဝင်ထုတ်ဝေတဲ့ စာအုပ်တွေကိုသေချာ ကောက်နုတ်ရေးသားထားတာကြောင့် စာပေဗဟုသုတတွေရရှိနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ စာအုပ်စာပေတွေ ဖတ်တဲ့ လူငယ်တွေ၊ လူကြီးတွေရှိရင် သူတို့ရဲ့အသိပညာဗဟုသုတများကြွယ်ဝပြီး နိုင်ငံတိုးတက်အောင်မြင်လာမှာဖြစ်ပါတယ်။ စာအုပ်စာပေနဲ့ပတ်သက်လို့ ကျွန်မတို့လို ကျောင်းသားလူငယ်တွေအတွက် သုတ၊ ရသ၊ ဗဟုသုတမျိုးစုံတွေကိုပေးတဲ့ စာအုပ်မျိုးစုံရှိပါတယ်။ ကျောင်းသားလူငယ်တွေ အတွက် စိတ်အာဟာရပေးတဲ့ စာပေတွေကို ဖတ်ရှုသင့်တယ်လို့လည်းထင်ပါတယ်။ ဒါမှသာ ဘဝမှာတွေ့ကြုံရမယ့်အခက်အခဲတွေ၊ လောကဓံတွေကို စာအုပ်ကရတဲ့ အသိပညာဗဟုသုတတွေနဲ့ပေါင်းပြီး ထိန်းသိမ်းနိုင်မယ်လို့ထင်ပါတယ်။ အသက်တွေကြီးလာရင်လည်း ဓမ္မစာပေ၊ ဘာသာတရားနဲ့ဆိုင်တဲ့စာပေတွေ၊ အသိပညာတိုးလာမယ့် စာအုပ်တွေကို အများကြီးဖတ်ရှုနိုင်မယ်လို့လည်းထင်ပါတယ်။ ကျွန်မကလည်း အသိပညာ၊ အတတ်ပညာနဲ့ ဗဟုသုတများ တိုးပွားအောင်ကြိုးစားပြီး နိုင်ငံအတွက် အထောက်အပံ့ပေးနိုင်တဲ့ နိုင်ငံသားတစ်ယောက်ဖြစ်အောင် လုပ်ဆောင်မယ်လို့ခံယူထားပါတယ်။ ။

**လင်းကြည်လင်း၊ လဲ့ရည်လှိုင်**

# စုံညီလှပ တပေါင်းလ

➢ နွေဆန်းခါစ၊ တပေါင်းခါမီ
ဤချိန်သည်ကား၊ နေခြည်လင်းထိန်
ရာသီမိန်မို့၊ ပူရှိန်ထန်ပြင်း
ဆောင်းနှင်းဆုတ်ခွာ နွေအခါတည့်။

➢ ပြာရီမှုန်မှိုင်း၊ မြူသင်တိုင်းတို့
ရစ်သိုင်းဖွဲ့ခြုံ၊ တိမ်ရောင်စုံနှင့်
မွေးထုံမြိုင်တွင်း၊ တမာသင်း၍
လှခြင်းစုံသည်၊ ပုဏ္ဏာမီနှင့်
ယှဉ်မှီထွန်းပြီ၊ ဖဂ္ဂုနီတို့
ရာသီခါမီ လှနေသည်တည့်။

➢ ရွှေဖီငုံဖူး၊ နှစ်ကူးကြိုရန်
လှစ်ကျူးသံနှော၊ ငှက်ရွှေဩက
လှသောသံစဉ်၊ ကဗျာယဉ်ကို
စာစဉ်စေဖို့၊ အလွမ်းပို့လာ
ခါလတပေါင်း ဤချိန်ခါ။

➢ လဝန်းရောင်ခြည်၊ ထိုရာသီဝယ်
ထိန်ကြည်ပြိုင်ရွှန်း၊ ရွှေစင်သွန်းသို့
လှလွန်းပန်းချီ၊ မိန်ရာသီကား
စာစီမကုန်၊ အလှဂုဏ်တို့
ထုံကြည်မျှတ၊ ဂုဏ်ပေါင်းခ
စုံညီလှပ တပေါင်းလ။ ။

**မောင်လေပြေ(တောင်တွင်း)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှလျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၄-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၆၀၀ | ၂၆၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၅၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၁၀၀၀ | ၂၉၀၀၀ | ၂၄၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀-၄၅၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | လားရှိုး | ၁၀၂၅၀ | ၃၃၅၀ | ၃၃၅၀ | ၁၉၀၀၀-၂၀၀၀၀ | ၄၅၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၅၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၁၀၀၀ | ၂၇၀၀၀ | ၂၅၀ | ၄၀၀ |
| ၅ | မော်လမြိုင် | ၇၃၀၀ | ၃၈၀၀ | ၃၂၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၇၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၃၀၀ | ၄၀၀ |
| ၆ | ပုသိမ် | ၅၂၅၀ | ၃၅၅၀ | - | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၅၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ကျိုင်းတုံ | ၇၀၀၀ | ၄၀၅၀ | ၃၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၄၂၀၀ | ၁၀၅၀၀-၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀-၁၇၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | - | ၃၀၀၀၀ | ၂၇၀ | ၄၅၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

နေပြည်တော် ဧပြီ ၄

# Polytechnic University များ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် Polytechnic University များဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိရာ နေပြည်တော်နည်းပညာတက္ကသိုလ်အပါအဝင် နည်းပညာတက္ကသိုလ် ၃၄ ခု၊ ကွန်ပျူတာတက္ကသိုလ် ၂၇ ခု စုစုပေါင်း တက္ကသိုလ် ၆၁ ခုတို့ဖြင့် နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခြေခံအုတ်မြစ်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာကို လေ့လာပါက ဘွဲ့ကြို ဘွဲ့လွန်သင်တန်းများစွာ တစ်နေရာတည်း စုစည်းဖွင့်လှစ်ပေးလျက်ရှိသည့် ကမ္ဘာ့အဆင့်မြင့်မားသော Polytechnic University များစွာရှိပါကြောင်း၊ မိမိတို့လည်း ယခုအခါကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ကို ပေါင်းစည်းပြီး Polytechnic University အဖြစ်ထူထောင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မူလအခြေခံတက္ကသိုလ်များ၏ လက်ရှိအင်ဂျင်နီယာဘွဲ့၊ ကွန်ပျူတာဘွဲ့သင်ရိုးညွှန်းတမ်းများပြောင်းလဲခြင်းမရှိဘဲ ဆက်လက်သင်ကြားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခုတည်းတွင် ဘာသာရပ်များ စုစည်းပို့ချနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားသောနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် သင်ကြားရေးကွာခြားမှုမရှိကြောင်း၊ သို့ဖြစ်၍ အရည်အသွေးမီဘွဲ့ကြို ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများနှင့် သုတေသီများလေ့ကျင့်မွေးထုတ်ပေးနိုင်သည့် Polytechnic University များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စနစ်တကျဆောင်ရွက်ကြရန်ဖြစ်ကြောင်းပြောကြားသည်။



ထို့နောက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Polytechnic University ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ် (တာဝန်ခံ)များ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများက အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသော ကိစ္စရပ်များဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၄

# နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူငယ်ကဏ္ဍနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များအားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ အသိပညာဗဟုသုတများ တိုးပွားစေရေးတို့အတွက် လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ လှုပ်ရှားမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျအရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ရင့်ကျက်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် ရေးဆွဲထားသောစီမံချက်မူကြမ်းတွင်ပါဝင်သည့် အချက်များဖြစ်သည့် လူငယ်စကားဝိုင်းများ၊ အသိပညာပေးဟောပြောပွဲများ၊ အားကစားပြိုင်ပွဲများနှင့် အားကစားသင်တန်းများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ မြန်မာနိုင်ငံပထဝီအချက်အလက်များဆိုင်ရာ အမေး/အဖြေပြိုင်ပွဲများ၊ ဒေသတွင်းလေ့လာရေးခရီးစဉ်များနှင့် စုပေါင်းလုပ်အားပေးအစီအစဉ်များ၊ အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် အထောက်အကူပြုမည့် သင်တန်းများ၊ သင်တန်းဖွင့်လှစ်မည့် ကာလနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ၊ အသက်အုပ်စုသတ်မှတ်ခြင်းများနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မီဒီယာပိုင်းသည်အရေးကြီးပြီး အဓိကအခန်းကဏ္ဍအဖြစ်လိုအပ်သည့်အတွက် သတင်းပြန်ကြားခြင်းသာမက လှုံ့ဆော်စည်းရုံးခြင်းများပါ ထဲထဲဝင်ဝင်ဆောင်ရွက်နိုင်မှသာ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် လူငယ်ကဏ္ဍတိုးတက်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းများတွင် ဖွင့်လှစ်သည့်ကာလဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပေါ့ပါးပျော်ရွှင်စေရန် ဖျော်ဖြေရေးအစီအစဉ်များကို အနုပညာရှင်များနှင့်ပေါင်းစပ်ပြီး လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နွေရာသီကျောင်းပိတ်ရက်ကာလ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားချက်များအရ သင်တန်းကာလအား အနည်းငယ်ပြောင်းလဲပြင်ဆင်လိုက်ပါက ကျောင်းသားလူငယ်များ ကျောင်းတက်ရန်ပြင်ဆင်ချိန်များရပြီး သင်တန်းတွင်လည်း အပြည့်အဝစိတ်ပါဝင်စားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များကိုလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကျောင်းသားလူငယ်များနှင့် နွေးထွေးမှုရှိပြီး တစ်သားတည်းဖြစ်ရန်လိုကြောင်း၊ IT နည်းပညာကို သိသာပေါ်လွင်ထင်ရှားစေရန် ဉာဏ်စမ်းပဟေဠိအစီအစဉ်များကို IT နည်းပညာနှင့်ပြုလုပ်နိုင်အောင် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကြက်ခြေနီသင်တန်းများကို ကျောင်းများတွင်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အသက်အရွယ်အလိုက် နေထိုင်မှုပုံစံများကို လူငယ်များသိရှိစေရန်သင်တန်းများတွင် ထည့်သွင်းပို့ချစေလိုကြောင်း၊ ၎င်းသင်တန်းများတက်ရောက်ထားခြင်းဖြင့် လူရည်ချွန်စာမေးပွဲဖြေဆိုရာတွင် အထောက်အကူပြုနိုင်မည့်အချက်ဖြစ်သည်ကို လူငယ်များအား သိရှိထားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခြင်းအစီအစဉ်များ ထည့်သွင်းဆောင်ရွက်စေလိုကြောင်း၊ ထို့မှသာ ကျောင်းသားလူငယ်များအသိပညာဗဟုသုတများ ပိုမိုတိုးပွားလာနိုင်မည်ဖြစ်ကြောင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များကို ပြန်လည်ပြင်ဆင်၍ စီမံချက်ရေးဆွဲပြီး ပြန်လည်ပေးပို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

▶▶| စာမျက်နှာ ၁၃ မှအဆက်

ရေတင်လုပ်ငန်းသစ်တစ်ခုနဲ့ စက်ရေတွင်းငါးတွင်း တူးဖော်ပေးခြင်းကြောင့် စိုက်ပျိုးမြေ ၁၀၃၂ ဧက နဲ့ လူဦးရေ ၂၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေတိုးချဲ့ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၆၆၈ ခုကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ပေးတဲ့အတွက် စိုက်ပျိုးမြေဧက ၄၃၃၀၀၀ ခန့်နဲ့ လူဦးရေ ၇၉၅၁ ဦးအတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေပြည့်ဝစွာပေးဝေနိုင်ခဲ့ပါတယ်။"

"မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ကန်ကြီးကုန်းတောင်ရွာ၊ ကန်ကြီးကုန်းမြောက်ရွာနဲ့ နပ္ပလင်ရွာတွေမှာ သောက်သုံးရေပြတ်လပ်မှုကာကွယ်ဖို့အတွက် ကန်ကြီးကုန်းချောင်းမြေအောက်တမံကို တည်ဆောက်ပေးလျက်ရှိပါတယ်။ အဲဒီတမံဟာ ရေဂါလန် ၇၄ သန်းခန့် သိုလှောင်ထားနိုင်မှာဖြစ်ပြီး ကျေးရွာသုံးရွာမှာရှိတဲ့ အိမ်ထောင်စု ၇၆၂ စု၊ လူဦးရေ ၃၆၄၆ ဦးအတွက် သောက်သုံးရေဖူလုံစွာရရှိစေမှာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း ညောင်ဦးမြို့နယ်နဲ့ ကျောက်ပန်းတောင်းမြို့နယ်တွေမှာ မြေအောက်တမံလေးခုဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျေးရွာ ၂၂ ရွာရှိ အိမ်ထောင်စု ၂၆၈၈ စု၊ လူဦးရေ ၁၀၆၅၀ ဦးအတွက် သောက်သုံးရေဖူလုံစေမှာဖြစ်ပါတယ်။"

"ဒါ့အပြင် ကျေးလက်ဆည်၊ ကန်များနဲ့ပတ်သက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ကျေးလက်ဆည်၊ ကန် ၁၄ ခုပြုပြင်ခဲ့တဲ့အတွက် ကျေးရွာ ၁၉ ရွာရှိ အိမ်ထောင်စု ၃၈၁၇ စုမှ လူဦးရေ ၂၀၀၈၈ ဦး အတွက် သောက်သုံးရေဖူလုံစေမှာဖြစ်ပါတယ်။ ကဲပြီးတော့ မိတ္ထီလာမြို့နယ် ရေဝကျေးရွာအုပ်စု အင်ပင်ဝကျေးရွာအနီးမှာရှိတဲ့ အိုင်တိုချောင်းခေါ် တပျော်ချောင်းကိုပိတ်ပြီး တပျော်ချောင်းလျှိုပိတ်တမံ တည်ဆောက်လျက်ရှိပါတယ်။ အဲ့ဒီတမံကလည်း အိမ်ထောင်စု ၃၀၀ မှာရှိတဲ့ လူဦးရေ ၁၂၀၀ အတွက် သောက်သုံးရေလုံလောက်စွာရရှိမှာဖြစ်ပါတယ်။"

"ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ရေတင်လုပ်ငန်းသစ် ၁၃ ခု တိုးချဲ့ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေ ၁၂၈၉ ဧကအတွက် စိုက်ပျိုးရေပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၃၄၅ ခုကို ပြုပြင်ထိန်းသိမ်းပြီး စိုက်ပျိုးမြေဧက ၂၀၀၀၀၀ ခန့်နဲ့ လူဦးရေ ၈၁၈ ဦးအတွက် စိုက်ပျိုးရေနဲ့သောက်သုံးရေရရှိခဲ့ပါတယ်။ ရေရရှိစေတဲ့နည်းလမ်းတွေထဲမှာ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းတွေကလည်း အရေးပါပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၃၂ ခုဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေ ၃၄၂၂၆ ဧကအတွက် နွေရာသီမှာ စိုက်ပျိုးရေရရှိစေပြီး ရေငန်ဝင်ရောက်မှုကိုလည်း ကာကွယ်ပေးနိုင်ခဲ့ပါတယ်။"

"ဒါ့အပြင် Quick Win အချိန်တိုအတွင်း အောင်မြင်မှုလုပ်ငန်းအနေနဲ့ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် အောင်းကြီး ၂ ချောင်းဧရိယာစိုက်ပျိုးရေရရှိရေးလုပ်ငန်းနဲ့ ဇီးဖြူဘုရားရိုးဧရိယာစိုက်ပျိုးမြေဧက ၃၅၀၀ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၂၄၇ စု၊ လူဦးရေ ၈၁၈ ဦး အတွက် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး၊ ငါးမျက်နှာ(ရွာလေး)ကျေးရွာရှိ သောက်သုံးရေကန်ကို ပြန်လည်တူးဖော်ပြီး ရေသိုလှောင်ထားရှိပါတယ်။"

"ကျွန်တော်တို့ဝန်ကြီးဌာနက မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာလည်း စိုက်ပျိုးရေနဲ့သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် မွန်ပြည်နယ်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ဆည်မြောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၅၁ ခု ဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးမြေဧက ၁၉၀၀၀ ခန့်နဲ့လူဦးရေ ၁၁၁၅၅ ဦးအတွက် စိုက်ပျိုးရေနဲ့သောက်သုံးရေရရှိစေခဲ့ပါတယ်။ ဒါ့အပြင် နွေရာသီကာလ စိုက်ပျိုးရေရရှိဖို့အတွက် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၅၂ ခု ဆောင်ရွက်ပေးခဲ့တဲ့အတွက် စိုက်ပျိုးမြေ ၇၀၄၂ ဧကအတွက် စိုက်ပျိုးရေရရှိခဲ့ပါတယ်။"

"ရခိုင်ပြည်နယ်မှာတော့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ဆည်မြောင်းအဆောက်အအုံ ၃၃ ခုပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့တဲ့အတွက် စိုက်ပျိုးမြေဧက ၂၇၀၀ အတွက် စိုက်ပျိုးရေပြည့်ဝစွာရရှိစေတဲ့အပြင် မြို့နယ်ခုနစ်ခုမှာ လျှိုပိတ်တမံခြောက်ခုနဲ့သောက်သုံးရေကန်တစ်ကန်တူးဖော်ပေးခဲ့တဲ့အတွက် လူဦးရေ ၂၈၆၄၁ ဦးအတွက် သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။"

"တနင်္သာရီတိုင်းဒေသကြီးမှာတော့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ဆည်မြောင်းအဆောက်အအုံ ၂၀ ခုကို ပြုပြင်ထိန်းသိမ်းခဲ့တဲ့အတွက် စိုက်ပျိုးမြေ ၂၂၄၇ ဧကနဲ့ လူဦးရေ ၇၀၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေပြည့်ဝစွာပေးဝေနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၃၆ ခုကနေ စိုက်ပျိုးမြေ ၈၄၅ ဧကအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။"

"ရှမ်းပြည်နယ်မှာလည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ စိုက်ပျိုးရေတွင်း နှစ်တွင်းနဲ့ သောက်သုံးရေတွင်း ၁၀ တွင်းတူးဖော်ပေးခဲ့ပြီး စိုက်ပျိုးမြေဧက ၂၀ နဲ့ လူဦးရေ ၂၀၀၀ ဦးအတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ ဆည်မြောင်းအဆောက်အအုံ ၁၅၀ ကို ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်ခဲ့တဲ့အတွက် စိုက်ပျိုးမြေဧက ၁၃၈၀၀၀ နဲ့ လူဦးရေ ၃၇၂၁၁ ဦး အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေပြည့်ဝစွာ ပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၅၀ ခုကနေပြီး နွေရာသီကာလ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။"

"ရေရရှိရေးဆောင်ရွက်ပေးခဲ့တဲ့အပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကလည်း ချန်လှပ်ထားလို့မရပါဘူး။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေတင်လုပ်ငန်းသစ်သုံးခုနဲ့ သောက်သုံးရေတွင်းခုနစ်တွင်း အသစ်တူးဖော်ပေးခဲ့တဲ့အတွက် စိုက်ပျိုးရေနဲ့သောက်သုံးရေတိုးချဲ့ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၂၅၁ ခုထိန်းသိမ်းပြုပြင်ခဲ့တဲ့အတွက် စိုက်ပျိုးမြေဧက ၁၂၄၀၀၀ နဲ့ လူဦးရေ ၁၅၁၄၀၀ ဦးအတွက် စိုက်ပျိုးရေနဲ့သောက်သုံးရေပြည့်ဝစွာ ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၆၈ ခုဆောင်ရွက်ခဲ့တဲ့အတွက် နွေရာသီမှာ စိုက်ပျိုးမြေ ၇၄၄၉၃ ဧကကို ရေရရှိရေးဆောင်ရွက်ပေးနိုင်တဲ့အပြင် ရေငန်ဝင်ရောက်မှုကိုလည်း ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။"

"ဧရာဝတီတိုင်းဒေသကြီးဟာလည်း မြစ်ဝကျွန်းပေါ်ဖြစ်ပေမယ့် စိုက်ပျိုးရေနဲ့သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရတဲ့ဒေသတွေထဲမှာ ပါဝင်ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ စိုက်ပျိုးရေတွင်း ၈၃ တွင်းနဲ့သောက်သုံးရေတွင်း ၃၆ တွင်းတူးဖော်ပြီး စိုက်ပျိုးမြေ ၄၁၅ ဧကနဲ့ လူဦးရေ ၇၂၀၀ ဦးအတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေတိုးချဲ့ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆည်မြောင်းအဆောက်အအုံ ၉၅ ခုကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီး စိုက်ပျိုးမြေဧက ၂၃၉၀၀၀ နဲ့ စိုက်ပျိုးရေပြည့်ဝစွာပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၄၂ ခုဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေ ၁၃၆၁၃ ဧကခန့်ကို နွေရာသီရေရရှိရေးနဲ့ ရေငန်ဝင်ရောက်မှုကာကွယ်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။"

**မင်းတို့ဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ အခုလိုနွေရာသီမှာ ရေရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်တွက်ဆထားပြီး ဆောင်ရွက်ထားတာသိရတော့ အားရစရာပါကွာ။ အဲ့ဒါနဲ့ ဒီရေကိုရှာပေးတဲ့လူတွေကရှာပေးသလို သုံးစွဲတဲ့သူတွေဘက်ကလည်း စနစ်တကျအလေအလွင့်မရှိအောင် သုံးစွဲတတ်ကြဖို့လိုတယ်ကွ။**

"ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကွင်းကြီးရွာမှာ သောက်သုံးရေကန်တူးဖော်ပေးတဲ့အတွက် လူဦးရေ ၇၈၀ အတွက် သောက်သုံးရေလုံလောက်စွာရရှိဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကန်ကြီးထောင့်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဘိုကလေးမြို့နယ်တို့ရှိ ချောင်းများ၊ ရိုးများ၊ ရေနုတ်မြောင်းများပေါ်မှာ ရေတံခါး၊ ရေထိန်း၊ ရေမြှင့်အဆောက်အအုံ ခုနစ်ခုတည်ဆောက်ပေးပြီး စိုက်ပျိုးမြေ ၁၂၃၁ ဧကကို စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ ရေတံခါးဟောင်း ၂၄ ခုပြုပြင်ပေးခြင်းဖြင့် စိုက်ပျိုးမြေဧက ၁၃၃၉၀ ကို စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ရေချိုရရှိရေးအတွက် မမိုးသူရေသွင်းတံခါးတည်ဆောက်ခြင်းနဲ့ ရေချိုသွင်းမြောင်း ၁၃ မြောင်းတူးဖော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်တဲ့အတွက်ကြောင့် နွေစပါးဧက ၃၀၀၀ နဲ့ နွေသီးနှံ ၃၈၅၄ ဧကအကျိုးပြုစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။"

"အေးကွာ မင်းရှင်းပြရတဲ့အလိုအရဆိုရင်တော့ မင်းတို့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြည်နယ်နဲ့တိုင်းအားလုံးလိုလိုမှာ စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးနေတာပဲ။ အဲဒါနဲ့ နေပြည်တော်ကောင်စီနယ်မြေမှာရော ရေရရှိရေး ဆောင်ရွက်ပေးရသေးလား။"

အစ်ကိုကြီးက ကျွန်တော့်စကားများအပေါ် သံသယရင်း ကျန်ရှိမည်ဟု သူထင်နေသည့် နေပြည်တော်ကောင်စီနယ်မြေအတွက် မေးလာခြင်းဖြစ်သည်။

"ပေးရတာပေါ့ အစ်ကိုကြီးရယ်။ နေပြည်တော်ကောင်စီနယ်မြေမှာလည်း ကျွန်တော်တို့ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ တိုင်းရင်းသားတွေ နေနေကြတာပဲလေ။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေတင်လုပ်ငန်းသစ်တစ်ခုနဲ့ စက်ရေတွင်း ၁၁ တွင်း တူးဖော်ပေးခဲ့တဲ့အတွက် စိုက်ပျိုးမြေ ၄၃၅ ဧကနဲ့လူဦးရေ ၂၀၀ ဦးအတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေတိုးချဲ့ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၁၇၆ ခုကို ထိန်းသိမ်းပြုပြင်ပေးနိုင်ခဲ့လို့ စိုက်ပျိုးမြေဧက ၃၄၀၀၀ ခန့်ကို စိုက်ပျိုးရေအပြည့်အဝပေးနိုင်ခဲ့ပါတယ်။ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်း ၁၀ ခု ဆောင်ရွက်ခြင်းသည်လည်း နွေရာသီကာလ စိုက်ပျိုးရေရရှိရေးအတွက် တစ်တပ်တစ်အား ဖြစ်ခဲ့ပါတယ်။"

"နေပြည်တော်ကောင်စီနယ်မြေကို စတင်တည်ဆောက်ခဲ့တဲ့၊ နေရာရွေးချယ်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲများရဲ့အမြော်အမြင်ကြီးမားမှုကိုလည်း ဒီနယ်မြေနွေရာသီမှာ ရေရှားပါးမှုမဖြစ်ပေါ်စေတာဖြစ်ပါတယ်။ ငလိုက်ရေလှောင်တမံ၊ ချောင်းမကြီးရေလှောင်တမံ၊ ချောင်းမငယ်ရေလှောင်တမံတို့မှအဆင့်ဆင့် ဆင်အုံကန်ထဲကိုရေကူဖြည့်ပေးပြီး ဆင်အုံကန်ကတစ်ဆင့် ရုံး၊ ဌာနဆိုင်ရာများနဲ့ ပုဂ္ဂလိကနေအိမ်များသို့ နေ့စဉ် ရေဂါလန် ၁၁ ဒသမ ၅၅ သန်း ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရေဆင်းရေလှောင်တမံ၊ ကင်းသာရေလှောင်တမံနဲ့ တောက်ပြုရေလှောင်တမံတို့မှလည်း မြို့ပြနဲ့စက်မှုလုပ်ငန်းသုံးရေထုတ်ယူသုံးစွဲနေတာဖြစ်ပါတယ်။ စိုက်ပျိုးရေနဲ့ပတ်သက်ပြီးလည်း ဒီဆည်ရေလှောင်တမံတွေက ရေပေးမြောင်းများမှ တစ်ဆင့် ရေပေးဝေလျက်ရှိပြီး မုန်ရေထိန်းတံခါးမှလည်း နွေစပါးအတွက် စိုက်ပျိုးရေပေးဝေရင်း ရေပေးမြောင်းများမှ နောင်အိုးဘိုကန်သို့ သောက်သုံးရေပါဖြန့်ဝေပေးလျက်ရှိပါတယ်။"

"အေးပါကွာ မင်းတို့ဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်နဲ့ အခုလိုနွေရာသီမှာ ရေရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်တွက်ဆထားပြီး ဆောင်ရွက်ထားတာသိရတော့ အားရစရာပါကွာ။ အဲ့ဒါနဲ့ ဒီရေကိုရှာပေးတဲ့လူတွေက ရှာပေးသလို သုံးစွဲတဲ့သူတွေဘက်ကလည်း စနစ်တကျအလေအလွင့်မရှိအောင် သုံးစွဲတတ်ကြဖို့လိုတယ်ကွ။ ဒါနဲ့ ပတ်သက်ပြီးရော မင်းတို့ဝန်ကြီးဌာနက ဘာတွေလုပ်ပေးထားသေးလဲ။"

အစ်ကိုကြီးက မေးသင့်မေးထိုက်သည့်မေးခွန်းမေးလာခြင်းဖြစ်သည်။

"ရေကို စနစ်တကျသုံးစွဲရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ ရေအသုံးချသူများအဖွဲ့ ၈၉၈၂ ဖွဲ့ကို တောင်သူဦးရေ ၂၂၈၇၉၉ နဲ့ ဖွဲ့စည်းထားခဲ့ပါတယ်။ အလားတူပဲ ရေအသုံးချသူများအသင်း ၁၀ သင်းကိုလည်း ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့တွေက စိုက်ပျိုးရေသုံးစွဲရာမှာ ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေဖို့ စနစ်တကျအသုံးပြုစေဖို့နဲ့ ရေစီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ပူးပေါင်းပါဝင်ကြဖို့ပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေမှာဖြစ်ပါတယ်။"

ကျွန်တော်၏စကားကို အစ်ကိုကြီးက ခေါင်းညိတ်နားထောင်ကာ ပြုံးလိုက်ရင်း---

"မင်း ဟို တို့မြန်မာစကားလေးတစ်ခုမှတ်မိသေးလား"

**"ဒါနနှင့်သီလ မပါရင်သေခါမှသိတဲ့။"** ကဲပြီးတော့ရော---

**"ရေဘူးနှင့်ဖိနပ်မပါရင် နွေခါမှသိပေါ့"** အစ်ကိုကြီးရဲ့ ဒီလောက်တော့မှတ်မိပါသေးတယ်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပြောရယ်ရယ်မိလိုက်ပါသည်။ ။

နေပြည်တော် မေ ၄

# မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၁/၂၀၂၄) အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါး အာဏာပိုင်အဖွဲ့၏ (၁/၂၀၂၄)အစည်း အဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေး ဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအစားအသောက် နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ကျန်းမာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာ နိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာ ပိုင်အဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အများ ပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေ သည့် အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး ပြည့်မီရေးအတွက် အမျိုးသားအစား အသောက်ဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများ ချမှတ်ခြင်း၊ ကောင်းမွန်သောကျင့်စဉ်များ သတ်မှတ်ပေးခြင်း၊ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများသတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့် အဓိကကျသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေး ဦးတည်ချက်ဖြစ်သည့် တိုးတက်ကောင်းမွန် လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင် ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင် ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင် ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိ အောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှု မှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး အစရှိသည့်ဦးတည် ချက်များကို အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရန်ရည်ရွယ်ပြီး အစည်းအဝေးကျင်းပ ရခြင်းဖြစ်ကြောင်း။

အစားအသောက်ကွင်းဆက်တစ်လျှောက် တွင် သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ယူ ကာ ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် သက် ဆိုင်ရာဌာနအသီးသီး၏ တာဝန်နှင့်ဝတ္တရား များ တိကျစွာခွဲခြားသတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပသွား ရန်ရှိကြောင်း၊ အာဏာပိုင်အဖွဲ့အနေဖြင့် ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့် အညီ လမ်းညွှန်ချက်များ၊ မူဝါဒများ၊ စည်း ကမ်းချက်များကို ချမှတ်ပေးမှသာ အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေဖြင့် လုပ်ငန်းတာဝန်များကိုပိုမို ထိရောက်စွာဆောင်ရွက်နိုင်မှာဖြစ်သည့် အတွက် အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အရည်အသွေး ပြည့်မီရေးအတွက် သက်ဆိုင်ရာဦးစီးဌာန အလိုက် အကြံပြုချက်များ၊ လမ်းညွှန်ချက် များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ ပြည်သူလူထုအနေဖြင့် စံချိန်စံညွှန်းမီ ဆေးဝါးများအသုံးပြုနိုင်စေရေး၊ ဈေးကွက် အတွင်း ဆေးဝါးများပြတ်လပ်မှုမရှိစေရေး၊ ဆေးဝါးများ၏ဈေးနှုန်းများ တည်ငြိမ်မှုရှိစေ ရေးအတွက် ဆောင်ရွက်ကြရန် လိုအပ် ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အစား အသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်က မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင် အဖွဲ့၏ (၁/၂၀၂၃)အစည်းအဝေးဆုံးဖြတ် ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှုများ၊ လက်ရှိဆောင်ရွက်ဆဲအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိင်္ဂီဇင်က တရားမဝင်အစားအသောက်/ဆေးဝါး/ ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ် များကလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံအစား အသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ဝင် များက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် တင်ပြဆွေးနွေးချက်များ အပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေး၍ အစည်းအဝေးမှ ဆုံးဖြတ်ချက်များချမှတ် ကာ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါး အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြား သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအစား အသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသော ကိုယ်စားလှယ်များနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၄

# နေပြည်တော်ကောင်စီနယ်မြေ၊ အေလာမြို့နယ်နှင့်ဇေယျာသီရိမြို့နယ်တို့ရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ရန် အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ပစ်ချဟန့်တားနိုင်ခဲ့



အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအား ပစ်ချဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုအားတွေ့ရစဉ်။



အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအား ပစ်ချဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုအားတွေ့ရစဉ်။

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာ သီရိမြို့နယ်နှင့် အေလာမြို့နယ်တို့ရှိ အရေး ကြီးအဆောက်အဦများနှင့် နေရာဌာန များအားဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူ များ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာ ကောက်ကျစ်သည့် အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် ယနေ့ နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် အေလာ မြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အနီး တို့မှ Fixed Wing များ လွှတ်တင် ခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့ သည်။

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုအား နေပြည်တော်ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေးတာဝန်များ ထမ်း ဆောင်လျက်ရှိသည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်း သိရှိခဲ့ရပြီး အဆိုပါ Fixed Wing များ အားလုံးကို လက်ဦးမှုရယူဟန့်တားနိုင်ခဲ့ သည်။ ထိုသို့ လက်ဦးမှုရယူဟန့်တားနိုင်ခဲ့မှု ကြောင့် ၂ စီးမှာ သတ်မှတ်နေရာမရောက်မီ လေထဲတွင် ပေါက်ကွဲပျက်စီးခဲ့ပြီး အခြား Fixed Wing အားလုံးကိုလည်း ပစ်ချ ဟန့်တားနိုင်ခဲ့သည်။ အဆိုပါပစ်ချဟန့်တား ခဲ့မှုကြောင့် မြေပြင်ပေါ်သို့ပျက်ကျခဲ့ရသည့် Fixed Wing များအနက် ၁၃ စီးအား သိမ်းဆည်းရရှိခဲ့ပြီး ၎င်းတို့အနက် ၄ စီးတွင် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများပါရှိလာ သဖြင့် စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ရ သည်။ အခြားမြေပြင်ပေါ်သို့ ပျက်ကျခဲ့ သည့် Fixed Wing များအား သိမ်းဆည်း ရမိရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် များက ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရသည်။



ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများပါရှိသည့် Fixed Wing များအား ဖောက်ခွဲဖျက်ဆီးထားရှိမှုအား တွေ့ရစဉ်။

ဖြစ်စဉ်များတွင် လူနှင့်အဆောက်အအုံ များ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရေးပေါ် အခြေအနေများတွင် ဖြစ်ပေါ်လာသော အခြေအနေများအား လုံခြုံရေးအရ ချက်ချင်းတုံ့ပြန်နိုင်ရေး ဆက်လက်ဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

နေပြည်တော် ဧပြီ ၄

# ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဌာန (United Nations Department of Safety and Security-UNDSS)၏အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန (United Nations Department of Safety and Security-UNDSS) ၏အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကုလသမဂ္ဂဝန်ထမ်းများ ခရီးသွားလာခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ယာယီရဲမှူးချုပ်ကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန လုံခြုံရေးအကြံပေးအရာရှိ Mr. Marco Smoliner တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၄

# ၂၀၂၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ



၂၀၂၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားရုံ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဌာန တာဝန်ရှိသူများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နွေရာသီကျောင်းပိတ်ရက်တွင် လူငယ်များ အားကစားလှုပ်ရှားမှုကို အခြေခံမှစ၍ စနစ်တကျနားလည်သင်ယူနိုင်ရေးအတွက် နွေရာသီအခြေခံအားကစားသင်တန်းများကို လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးစေရန်၊ အားကစားနည်းများကို လေ့လာလိုက်စားလာစေရန်၊ အခြေခံကျကျ နားလည်ပြီး လူငယ်မျိုးဆက်သစ်အားကစားသမားပေါ်ထွက်လာစေရန်၊ နိုင်ငံ့ကိုယ်စားပြုအားကစားသမားများပေါ်ထွက်လာစေရေးအတွက် အထောက်အကူပြုစေရန်၊ လူငယ်များကျန်းမာကြံ့ခိုင်မှုရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ အားကစားသင်တန်းများကို တက်ရောက်ကြသည့်ကျောင်းသား၊ ကျောင်းသူများအားလုံး အားကစားနည်းအလိုက် အခြေခံကောင်းများကို ကြိုးစားလေ့ကျင့်ကြရန်နှင့် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများဖြစ်လာအောင် ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် စွမ်းစွမ်းတမံကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက အားကစားအဓိဋ္ဌာန်များကို ရွတ်ဆိုကြပြီး အားကစားသရုပ်ပြအဖွဲ့များက သက်ဆိုင်ရာအားကစားနည်းများအလိုက် သရုပ်ပြဖျော်ဖြေကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အားကစားသရုပ်ပြအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် မြို့နယ်ရှစ်မြို့နယ်အတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သရုပ်ပြအဖွဲ့များနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၀၈ တွင် ဆိုလာရေတင်စနစ်နှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ဈေးကွက်မိတ်ဆက်ခြင်းအခမ်းအနားသို့တက်ရောက်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်စိုက်ပျိုးနည်းစနစ်များ၊ လယ်ယာသုံးစက်ကိရိယာများအသုံးပြုခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ Good Brotherကုမ္ပဏီနှင့် New Life Plastic( NLP) Co.,Ltd. တို့မှ တာဝန်ရှိသူများက ဆိုလာရေတင်စနစ်နှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို မိတ်ဆက်ရှင်းလင်းပြောကြားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ဆိုလာရေတင်စနစ်နှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ မျိုးစေ့များနှင့် သဘာဝမြေဩဇာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် စာမေးပွဲကြီးကြပ်ဆရာတော်များအား ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီးတွင် နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းစရိတ်အလှူငွေများကို ဆက်ကပ်လှူဒါန်းကာ အောင်ဆန်းခန်းမ၌ ပါဠိပထမပြန်စာမေးပွဲတွင်ဖြေဆိုနေကြသည့် သံဃာတော်များနှင့်သီလရှင်များ ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ ဦးသန်းထိုက်၏ နေခြည်ဝင်းဝါစက်ရုံသို့ရောက်ရှိပြီး ဒေသမှ ထွက်ရှိသည့် ဝါများကိုကြိတ်ခွဲနေမှု၊ ဝါစေ့ထုတ်နေမှု၊ ဆန်စက်နှင့်ဆီစက်များကိုလည်းကောင်း၊ အေးချမ်းသာစံပြကျေးရွာ စက်ရက်ကန်းအလုပ်ရုံတွင် ရက်ကန်းစင်လေးစင်၊ ရက်စက်ခုံတစ်ခုံဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်၊ သံဝေဇနီယလေးဌာန(ဖွား ပွင့် ဟော စံ) ဂေါပကအဖွဲ့ရုံးသို့ရောက်ရှိပြီး ဂေါပကအဖွဲ့ဝင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက် ရှေ့မျက်နှာစာတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၄

# မြန်မာနိုင်ငံသားတစ်ဦး စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများအား ကာယကံရှင်ထံပြန်လည်ပေးအပ်

မြန်မာနိုင်ငံသားဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေသည် ရန်ကုန်အခြေစိုက် ဂန္တဝင်ခရီးသွားလာရေးကုမ္ပဏီဖြင့် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့စဉ် အမေရိကန်ဒေါ်လာ ၃၀၄၈၊ စင်ကာပူဒေါ်လာ ၇၈၉၊ KBZ Master ကတ် တစ်ကတ်နှင့် AYA Bank ကတ်နှစ်ကတ်တို့အား ပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများအား စင်ကာပူနိုင်ငံ၊ ရဲတပ်ဖွဲ့ Lost and Found ဌာနမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် မြန်မာသံရုံး၊ စင်ကာပူမြို့သို့ လာရောက်အပ်နှံခဲ့သည်။ မြန်မာသံရုံးအနေဖြင့် ကာယကံရှင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ်ရရှိနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရသဖြင့် ၎င်းငွေသားနှင့်ပစ္စည်းများအား မြန်မာသံရုံး၌ စနစ်တကျ ထိန်းသိမ်းထားရှိခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ်ရရှိခဲ့သဖြင့် မွန်းလွဲပိုင်း၌ သံရုံးယာယီတာဝန်ခံ/ သံအမတ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိန်းသိမ်းထားရှိထားသည့် ငွေသားနှင့်ပစ္စည်းများအား ကာယကံရှင်ဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



စင်ကာပူနိုင်ငံသို့သွားရောက်လည်ပတ်စဉ် ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများအား ဒေါ်ခိုင်ခိုင်ဆွေထံ တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော်  မေ  ၄

# သံနှင့်သံမဏိစက်ရုံစီမံကိန်းနှစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့်သွင်းအားစုများ စဉ်ဆက်မပြတ်ရရှိရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ



သံနှင့် သံမဏိစက်ရုံစီမံကိန်းနှစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် သွင်းအားစုများ စဉ်ဆက်မပြတ်ရရှိရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းနှင့်အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းကို ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်မှစ၍ လည်ပတ်ခဲ့ရာ ၂၀၂၄ ခုနှစ် မတ်လအထိ ၂၃၁ ကြိမ် သံရည်ကျိုခဲ့ပြီး လေးထောင့်ပုံသံမဏိချောင်း စုစုပေါင်းတန်ချိန် ၁၁၈၂၉ ဒသမ ၈၃ တန် ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ **၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းအဆင့်(၂) တွင် ပါဝင်သည့် Hot Strip Mill အလုပ်ရုံအား ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော်ခြင်းနှင့် သံရည်ကျိုအလုပ်ရုံအမှတ်(၂)အား စစ်ဆေးပြုပြင်မှုလုပ်ငန်းများကို ပြီးစီးအောင်ဆောင်ရွက်သွားမည်**ဖြစ်ကြောင်း။

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြီးမြောက်အောင်မြင်ရေးအတွက် နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်တွင်းပညာရှင်များဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအတွက်လိုအပ်သော လျှပ်စစ်အရင်းအမြစ်နှစ်ခုရရှိရေး၊ အခြေခံအဆောက်အဦများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ ရေရရှိရေးတို့အတွက် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သံမဏိစက်ရုံစီမံကိန်းများသည် နိုင်ငံအတွက်အကျိုးရှိသည့် စီမံကိန်းများဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရန် စက်မှုဝန်ကြီးဌာနတစ်ခုတည်း၏ အားဖြင့်သာ ဆောင်ရွက်၍မရဘဲ ဆက်စပ်ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုများနှင့်ဆောင်ရွက်မှသာ ပြီးပြတ်အောင်မြင်မည်ဖြစ်၍ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သံမဏိစက်ရုံစီမံကိန်းနှစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် သွင်းအားစုများ စဉ်ဆက်မပြတ်ရရှိရေးတို့အတွက် ဆောင်ရွက်ရာတွင် တတ်နိုင်သမျှပါဝင်ကူညီပံ့ပိုးဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) တို့နှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ သွင်းအားစုများလိုအပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် Project Implementation Agency (PIA) နှင့် စီမံကိန်း၏ Finance & Administration, Procurement & Contracts,Environment & Social Safeguard ပိုင်းတို့ကို တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်မည့် Project Implementation Unit (PIU) ဖွဲ့စည်းမည့် အစီအစဉ်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းတို့ကို ဝန်ကြီးဌာနအဆင့် တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်မည့် စီမံကိန်းကြီးကြပ်မှုကော်မတီ (Project Executing Agency - PEA) များ ဖွဲ့စည်းမည့်အစီအစဉ်တို့ကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)အတွက် လိုအပ်သော သံသတ္တုရိုင်း၊ ထုံးကျောက်၊ ဒိုလိုမိုက်တို့ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ အဆိုပါစက်မှုကုန်ကြမ်းများ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် မိုင်းဒီဇိုင်းစနစ်တကျရေးဆွဲဆောင်ရွက်သွားရန်လိုအပ်ပြီး သွင်းအားစုများကိုလည်း ပြည့်စုံအောင်ဖြည့်ဆည်းရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် အရေးကြီးသည့် သံ၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အစွမ်းကုန်ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) တို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူရမည်ဆိုပါက ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းပေးစေလိုကြောင်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စတင်လည်ပတ်မည်ဆိုပါက မတူညီသော အရင်းအမြစ်နှစ်ခုမှ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)အနေဖြင့် သံစိမ်းထုတ်လုပ်သည့် နည်းပညာများသည် မြင့်မားသဖြင့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံများအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့များကို အမှန်တကယ်အသုံးပြုနိုင်မည့်ပမာဏနှင့် နီးစပ်စွာ ခန့်မှန်း၍ တောင်းခံစေလိုကြောင်း၊ သို့မှသာ အခြားလိုအပ်သည့်နေရာများသို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သံ၊ သံမဏိ စီမံကိန်းလုပ်ငန်းများသည် စွန့်စားဆောင်ရွက်ရသည့်လုပ်ငန်းများ များစွာရှိပါကြောင်း၊ သံ၊ သံမဏိစီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က အမှတ် (၁)သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)တို့ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ ဆောင်ရွက်သင့်သည့်အချက်များ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို အသေးစိတ်တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက သံမဏိစက်ရုံစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ၊ သွင်းအားစုများ အချိန်မီရရှိရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော်  မေ  ၄

# China International Trust and Investment Corporation (CITIC) Group Myanmar Co.,Ltd. မှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တွေ့ဆုံဆွေးနွေး



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် China International Trust and Investment Corporation (CITIC) Group Myanmar Co.,Ltd. မှ တာဝန်ရှိသူများကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအရေးပါသည့် အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတားတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကုန်သွယ်မှုကဏ္ဍနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရုံသာမက ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်မည့်အခြေအနေများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်၍ ဘုံအကျိုးစီးပွား တိုးတက်စေရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

PILGRIMAGE

## Nearly 5,000 pilgrims visit to Kyaikhtiyo Pagoda daily



According to U Soe Hla, chairman of the pagoda board of trustees, there have been nearly 5,000 pilgrims visiting the Kyaikhtiyo Pagoda in Kyaikhto Township of Mon State daily in March. Pilgrims from across the country flock to the pagoda every day, with approximately 250 buses providing transportation up and down the hill. Additionally, lodges, guesthouses, public rest houses, and hotels are open to accommodate the pilgrims.

"The path leading to the pagoda is in good condition. We receive about 5,000 pilgrims daily in March, and this number increases to around 7,000 on weekends. Thai pilgrims visit almost daily, while travellers from other foreign countries, such as China, Russia, the United States, and Britain, make up about two or three visits per day," said U Soe Hla.

He also mentioned that around 160 mountain cars operate daily, with the fare recently increased by Ks-1,000. Additionally, cable car services are available, especially on weekends, with fees remaining unchanged.

The Kyaikhtiyo Pagoda is open to the public throughout the year. It hosts the annual Buddha Pujaniya Festival from the full moon day of Thadingyut to the full moon day of Kason.

**SK**

WILDLIFE

## Rare Myanmar golden deer preserve at Shwesettaw Wildlife Sanctuary



According to Shwesettaw Wildlife Sanctuary, efforts are being made to preserve the Myanmar golden deer, a rare species native to the area, from extinction.

Located in Minbu (Sagu) Township, Magway Region, Central Myanmar, Shwesettaw Wildlife Sanctuary covers an area of 213.4 square miles. It was established in 1940, and its purpose is to protect and conserve hardwood forests, as well as the Mone and Mann creeks watersheds, including the grazing areas of golden deer.

The conservation initiative for golden deer began in 2012 with the introduction of five male and seven female deer from Nay Pyi Taw Safari Park and Bagan Lawkananda Park. Currently, there are 19 male and 35 female deer, totalling 54. Members of the pagoda board of trustees carefully look after the deer.

"The star tortoises and golden deer are among the world's most endangered species. Additionally, the Myanmar golden deer is unique to our country. Therefore, it is imperative to conserve them to prevent extinction and promote population growth. Visitors to well-known tourist areas in Minbu (Sagu), during the Shwesettaw pagoda festival and open season, can also observe the golden deer at Shwesettaw Wildlife Sanctuary," stated U Thein Hlaing, vice-chair of the pagoda board of trustees.

**SMK**

AGRICULTURE

## More than 4,000 acres of croplands placed under chickpea in Dabayin Township

YeU District Agriculture Department stated that a total of 4,985 acres of chickpea has been cultivated in Dabayin Township of Sagaing Region.

The township scheduled to grow 7,170 acres of chickpea this winter of 2023-2024 financial year. But, they have grown 4,985 acres of chickpea.

"We provide quality strains of bean, inputs and post-harvest technology to local farmers for having high quality of crops and peracre yield," said U Zaw Myint Tun, Head of YeU District Agriculture Department.

Local farmers chose Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than Ks-300,000 per acre of growing chickpea.

Personnel of relevant departments cooperate with local farmers in growing pulses and beans with quality strains of crops, inputs, post-harvest technology and other necessary assistance in addition to use of trichodama.

**SK**

AGRICULTURE

## More than 1,000 acres of paddy grown in Myinmu Township in summer

The statistics of Sagaing District Agriculture Department indicated that a total of 1,005 acres of farmlands have been placed under summer paddy in Myinmu Township of Sagaing District in Sagaing Region this summer.

Local farmers have so far cultivated 1,005 acres of summer paddy exceeding the target of 1,950 acres in Myinmu Township in 2023-2024 financial year.

Daw Thida Lwin, head of Sagaing District Agriculture Department, said, "We targeted cultivation of 1,950 acres of summer paddy in the township this summer. So far, local farmers have grown 1,005 acres of summer paddy exceeding the target. Moreover, staff of the department help local farmers use quality strains of paddy for having higher per-acre yield."

Staff members of relevant agriculture departments help local farmers use quality strains of paddy, make natural fertilizers and timely grow summer crops in Myinmu Township.

Farmers have been warned to follow directives of the Agriculture Department on prevention of pests at croplands, fortify soil and store quality strains of paddy and crops.

**SK**

# State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

INDUSTRIAL ZONE

# Thilawa SEZ plans to install 14MW solar power system




The Ministry of Electric Power (MoEP) has announced plans to install a solar power system with a capacity of up to 14 megawatts in the Thilawa Special Economic Zone (SEZ) in Thanlyin Township, Yangon Region.

Currently, three plants within the Thilawa SEZ have already installed solar systems, generating approximately two megawatts of power. Further studies conducted by companies in the zone suggest that the solar system has the potential to produce up to 14 megawatts of power.

Myanmar-Japan Thilawa Development Company Limited (MJTD) has confirmed that once the solar system is installed, surplus power will be transmitted and distributed to other factories within the special economic zone through the Ministry of Electric Power's power lines.

Covering an area of 667.275 hectares (approximately 1,650 acres), Thilawa SEZ has attracted investment from 114 companies across 21 countries. Among the economic zones currently being implemented in Myanmar, Thilawa SEZ stands out as the most successful.

**SMK**

AGRICULTURE

# Monywa District completes cultivation of winter chilli on 1,766 acres of croplands

According to the statistics of Monywa District Agriculture Department, a total of 1,766 acres of croplands have been placed under chilli in Monywa District of Sagaing Region this winter.

In 2023-2024 financial year, the district earmarked cultivation of chilli on 1,959 acres of croplands. So far, 1,766 acres of chilli has been cultivated in the district.

Daw San San Myint, Head of Monywa District Agriculture Department said, "We planned to grow 1,959 acres of chilli this winter but local farmers have planted 1,766 acres. Our department helps local farmers grow chill on a commercial scale."

In Monywa District, Monywa Township planted 428 acres of chilli, Budalin Township 216 acres, Ayadaw Township 27 acres and ChaungU Township 995 acres.

According to the plans, Monywa Township planned to grow 612 acres of chilli, Budalin Township 279 acres, Ayadaw Township 38 acres and ChaungU Township 1,030 acres.

Staff members of relevant agriculture departments assist local farmers in getting high yield of crop and grasping market shares for crops and preventing pests.

Cultivation of chilli costs Ks-1,5 million per acre. Chilli can be plunked once every 15 days for six months. It yields 100 viss of chilli per acre, and then 500 viss per acre.

**SMK**

RUSSIA

# Russia discovered 222 oil, gas fields on its territory over last 5 years



Russia discovered 222 oil, gas fields on its territory over last 5 years.

Russia has discovered 222 hydrocarbon fields on its territory over the last five years, the deputy head of Rosnedra, the Russian Federal Agency on Mineral Resources, Orest Kasparov, said on Thursday.

"Over the last five years, 222 fields have been discovered. Most of the fields are located in the Volga-Ural Petroleum and Gas Province," Kasparov said at the agency's board meeting.

Most of those oil fields have small reserves. In general, oil and gas production in Russia is compensated by increases in reserves, Kasparov added.

The depletion of reserves in traditional oil production regions has reached 55-88 percent, while the exploration of resources is 30-36 percent, Kasparov's presentation showed. Most of the discovered fields, that is, 80-90 percent, are small in reserves. The share of hard-to-recover reserves is 52 percent.

**Sputnik**

LOAS

# Laos, Thailand launch cross-border QR payment linkage

Laos and Thailand launched a cross-border QR payment linkage to facilitate economic activities between the two countries and bolster trade, investment, and tourism.

The launching ceremony was held in northern Laos' Luang Prabang province on Wednesday, according to a Thursday report by Laos' central bank, the Bank of the Lao PDR (BOL).

Speaking at the launching ceremony, Governor of BOL Bounleua Sinxayvoravong said the collaboration between Laos and Thailand in the realm of financial services is a reflection of the shared vision for regional integration, economic development, and prosperity.

"We reaffirm our commitment to strengthening ties and fostering mutual growth as well as regional growth," said Bounleua.

The introduction of cross-border QR payment represents a leap forward in the realm of financial technology, promising greater convenience, efficiency, and security in cross-border transactions.

**Xinhua**

SRI LANKA

# Over 20,000 dengue cases recorded in Sri Lanka so far this year

Over 20,000 dengue cases with eight fatalities have been reported in Sri Lanka so far this year, according to the latest updates by the National Dengue Control Unit (NDCU) on Thursday.

According to the NDCU, 20,288 cases have been reported so far. The Western Province recorded the highest number of 7,258 cases, followed by the Northern Province with 4,226 cases.

Last year, 88,000 dengue cases were reported with a death toll of 57, according to the NDCU.

**Xinhua**




Over 20,000 dengue cases recorded in Sri Lanka so far this year.

IRAN

# 28 killed in militant clashes in Iran's southeast

A deadly clash erupted in the southeastern Iranian province of Sistan and Baluchestan late Wednesday night, resulting in the loss of at least 28 lives, reported the official news agency IRNA.

The violence erupted as members of the militant group Jaish al-Zulm launched a coordinated attack on military and police facilities across the region. According to the report, the assault targeted a military post belonging to Iran's Islamic Revolution Guards Corps (IRGC) in Rask County, along with an IRGC headquarters and a coastguard police station in Chabahar County.

The confrontation claimed the lives of 18 militants and 10 security personnel, according to the IRNA, adding that the clashes had ended and order had been restored in the affected areas. IRGC Ground Force Commander Mohammad Pakpour revealed that the assailants had used explosive vests.

Jaish al-Zulm, designated as a terrorist organization by Iran, has been implicated in previous attacks targeting Iranian security forces and civilians. The group's actions have fueled tensions in the region and posed a significant challenge to Iran's security efforts.

**Xinhua**

VENEZUELA

# World's oldest man dies at 114

The world's oldest man, Juan Vicente Perez Mora, died at the age of 114 on Tuesday in Venezuela, according to local officials.

The retired farmer became the oldest living male in 2020, and was officially recognized as such by Guinness World Records in 2022, when he was 112.

Perez died two just months before his 115th birthday in Venezuelan state of Tachira, according to Governor Freddy Bernal.

"Our dear Juan Vicente Perez Mora, today with deep sadness and pain we say goodbye to you, to that archetype of a man from Tachira, humble, hardworking, peaceful, enthusiastic about family and tradition," Bernal wrote on X (formerly Twitter).

Venezuelan President Nicolas Maduro commented on his passing, saying: "Juan Vicente Perez Mora has transcended into eternity at 114 years old."

Perez was born in the town of El Cobre, in the Andean state of Tachira on May 27, 1909 and was the ninth of ten children. The farmer, known as Tio Vicente, began working at age five with his father and brothers, helping with the sugar cane and coffee harvest, according to a 2022 statement by the Guinness World Records.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Exercising daily could stop you having nightmares, new study suggests

- **Researchers found that participants who exercised spent less time in REM**
- **Since REM sleep is when you dream, it could mean they had less nightmares**




There are five different sleep stages, but they can also be broken into two categories - REM sleep and non REM sleep. Participants who exercised got less REM sleep.

A run a day might help keep the boogeyman away.

According to a new study, exercising daily could reduce the amount of time you spend dreaming each night.

Researchers from the University of Texas found that when people got at least 60 minutes of physical activity during the day, they slept better at night.

Also, exercising reduced the amount of time people spent in the period of sleep in which dreams take place, called rapid eye movement, or (REM) sleep.

This is also the period when most people have nightmares, according to Johns Hopkins.

This is consistent with recommendations doctors already make for reducing nightmares. 'Regular exercise, yoga and meditation may also help reduce stress and improve sleep quality,' and in turn reduce chronic nightmares, according to Stanford sleep scientists.

The study was published in early March in the journal of Scientific Reports by psychologists from The University of Texas.

The type of physical activity ranged from intense workouts like running and cycling to low-intensity workouts like walking or doing chores.

Any activities that raised participants' heart rates counted towards daily exercise goals.

Previous studies have shown that exercising can lead to improvements in sleep quality and reduce the amount of time spent in REM sleep.

The scientists asked the 82 participants to wear Fitbits in order to capture details about sleep quality and exercise duration over a six month period.

Using data about heart rate and bodily movement, they determined when the participants were cycling through different stages of sleep each night and how much exercise they were getting each day.

Each stage of sleep is characterized by physiological changes in heart rate and brain waves. Here, the researchers tracked the participants' heart rate to determine when they entered different sleep stages.

Generally speaking, heart rate slows during the early stages of sleep, but it picks up into a quicker rhythm during the time you're in REM.

Each night, your body cycles through five different stages of sleep, starting off light and getting progressively deeper. The final stage of sleep, REM, is when dreaming occurs.

Each stage is characterized by physiological changes in heart rate and brain waves, which scientists can measure.

The researchers found that on days where participants exercised, they spent less time in REM sleep, but more time in the deep sleep stages that take place before REM.

It is thought that this deep sleep stage is when the body most recharges from the day. 'This is the stage when the body repairs and regrows tissues, builds bone and muscle, and strengthens the immune system,' according to the NIH.

This could be why participants reported being more satisfied with their sleep quality on a night after exercise. Participants reported feeling more energetic and less stressed and sad in the morning after an exercise session.

The use of the Fitbit allowed the researchers to observe the participants in their natural environment instead of in a lab over a long period of time.

Normally, when psychologists study sleep patterns, participants have to stay the night under observation in a lab, which can be stressful and interrupt sleep quality.

Also, because of the costs associated with this set up, most studies of this kind last only a few nights.

'You can learn a lot from lab studies, but obviously, there are limitations to studying the sleep patterns of individual participants in just one night,' study co-author Benjamin Baird said.

This has potential applications in future studies, David Schnyer, another co-author, said.

'The world is your oyster now. You can use this device to study all manner of different sleep architecture data related to lifestyle — related to mood and mood disorders — in the field, not in a lab, that people might have thought was not possible previously,' he said.

Sleep paralysis can be accompanied by extremely vivid physical sensations - a distinctive smell or being touched, for instance - and there are even episodes where people have reported the feeling of having sex with, or being raped by, a 'night visitor'.

But it is NOT a nightmare. Nor is it what is commonly known as a night terror.

One study estimated that 7.6 percent of the population experience sleep paralysis at least once in their lives. However, two particular subgroups report markedly higher prevalence rates: for students, the prevalence rate is 28.3 percent, and for psychiatric patients, it is 31.9 percent.

To understand what is going on, we must first understand that, at the start of a normal night's sleep, the sleeper typically progresses through stages, during which a number of clearly identifiable physiological changes occur, including changes in heart rate, breathing rate, brainwaves, and so on.

The sleeper will then begin to reemerge from the deepest stages of sleep into the lighter stages and ultimately into what is referred to as REM (rapid eye movement) sleep.

It is during this stage of sleep that the sleeper, if awoken, is most likely to describe being in the middle of a vivid dream. It is also the case that, during REM sleep, the muscles of the body are actually paralyzed — presumably to stop the sleeper actually carrying out the actions of the dream.


After spending some time in REM sleep, the cycle begins again.

Sleep paralysis episodes can be thought of as glitches in the normal sleep cycle during which, to put it simply, the mind wakes up but the body does not. Thus, the sleeper may be able to open their eyes and clearly see that they are in their bedroom but be completely unable to move.

**Mail Online**

ဟွာလျန်း၊ သဘာဝဘေး

# တရုတ်(တိုင်ပေ) ငလျင်လှုပ်ခတ်မှုအတွင်း သေဆုံးသူ ၁၀ ဦးအထိ မြင့်တက်လာပြီး ၁၀၀၀ ကျော်ဒဏ်ရာရရှိကာ ၆၀၀ ကျော် ဆက်လက်ပိတ်မိဆဲဖြစ်



တရုတ်(တိုင်ပေ) တွင် ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိငလျင်လှုပ်ခတ်မှုကြောင့် ဧပြီလ ၄ ရက်တွင် သေဆုံးသူဦးရေမှာ ၁၀ ဦးအထိ မြင့်တက်လာပြီး ၁၀၀၀ ကျော်ဒဏ်ရာရရှိထားကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

အဆိုပါပြင်းအားမြင့် ငလျင်လှုပ်ခတ်မှုသည် ဟွာလျန်းခရိုင်အနီး၌ ဧပြီလ ၃ ရက် နံနက်ပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ငလျင်ဒဏ်ကို တစ်နိုင်ငံလုံးမှခံစားခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်မှုအတွင်း အဆောက်အအုံအချို့မှာ တိမ်းစောင်းသွားပြီး စာသင်ကျောင်းအများအပြားမှာလည်းပျက်စီးသွားခဲ့ကြောင်း၊ ထို့ပြင် ဟွာလျန်းခရိုင်နှင့် ယီလန်းခရိုင်တို့ကို ဆက်သွယ်ပေးထားသည့်မီးရထားဆက်သွယ်ရေးလမ်းကြောင်းကိုလည်း ဆိုင်းငံ့ခဲ့ရကြောင်း မြို့တော်သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။ ထို့ပြင် ငလျင်လှုပ်ခတ်မှုအတွင်း ဟိုတယ်ဝန်ထမ်းအများစုပါဝင်သည့် လူ ၆၆၀ ခန့်မှာ အပျက်အစီးများကြား ဆက်လက်ပိတ်မိနေဆဲဖြစ်ကြောင်းသိရသည်။

ငလျင်လှုပ်ခတ်ပြီးနောက် အာဏာပိုင်အဖွဲ့က ပျက်စီးမှုဖြစ်ပွားခဲ့သည့်စာသင်ကျောင်းနှင့် မူကြိုကျောင်း ၂၀၁ ကျောင်းကိုပိတ်ပစ်ခဲ့ပြီး အခြားစာသင်ကျောင်းခြောက်ကျောင်း၏ စာသင်ချိန်များကို ရွှေ့ဆိုင်းခဲ့ရကြောင်း ပညာရေးအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

နိုင်ငံအတွင်း၌ ယခုဖြစ်ပွားသည့် ငလျင်လှုပ်ခတ်မှုသည် ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်က ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ငလျင်လှုပ်ခတ်မှုနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အဆိုးရွားဆုံးလှုပ်ခတ်ခဲ့သော ငလျင်ဖြစ်ကြောင်း တရုတ်(တိုင်ပေ) မိုးလေဝသဌာနကပြောကြားခဲ့ကြောင်းသိရသည်။ ငလျင်လှုပ်ခတ်မှုအတွင်း ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးအဖွဲ့က ဆက်လက်ရှာဖွေလျက်ရှိသည်။

ထို့ပြင် ငလျင်လှုပ်ခတ်မှုကြောင့် ဟွာလျန်းခရိုင်အတွင်းရှိ လေတပ်အခြေစိုက်စခန်းတွင် ရပ်နားထားသည့် F-16V အမျိုးအစား တိုက်လေယာဉ်ရှစ်စင်း ပျက်စီးသွားကြောင်းသိရသည်။

*Ref: Sputnik, Xinhua*

မော်စကို၊ စစ်ရေး

# ယူကရိန်းတွင်ဖြန့်ကြက်ထားသည့် ပြင်သစ်တပ်များ တိုက်ခိုက်ခံရပါက နေတိုးနှင့်အမေရိကန်တို့ ကြားဝင်ကူညီပေးရန်မလိုဟု မက်ခရွန်ပြော



ယူကရိန်းနိုင်ငံအတွင်းဖြန့်ကြက်ထားသည့် ပြင်သစ်တပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရပါက နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်တို့အနေဖြင့် ကြားဝင်ကူညီပေးရန်မလိုအပ်ကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က မဟာမိတ်အနောက်နိုင်ငံများအား ပြောကြားခဲ့ကြောင်း အမေရိကန်မီဒီယာတစ်ခုက ဖော်ပြသည်။

ယူကရိန်းနိုင်ငံအတွင်း ဖြန့်ကြက်ထားသည့် ပြင်သစ်တပ်များအား ရုရှားက တိုက်ခိုက်မည်ကို ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အမေရိကန်အစိုးရက စိုးရိမ်မကင်းဖြစ်လျက်ရှိပြီး ယင်းသို့တိုက်ခိုက်ခြင်းခံရပါက ပြင်သစ်အနေဖြင့် အခြားမဟာမိတ်နိုင်ငံများနှင့်အတူ ယူကရိန်းပဋိပက္ခတွင် အပြည့်အဝပါဝင်သွားမည်ကို ဂျိုးဘိုင်ဒင်က စိုးရိမ်နေကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ WSJ က ဧပြီလ ၃ ရက်တွင် ဖော်ပြသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အမေရိကန်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့အား ဖုန်းဖြင့်ဆက်သွယ်၍ နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရုရှားနိုင်ငံအပေါ် ပိုမိုထိရောက်သည့် မဟာဗျူဟာမြောက် အနေအထားတစ်ရပ်ကို ချမှတ်ကျင့်သုံးသင့်ကြောင်း တောင်းဆိုခဲ့သော်လည်း ယင်းတောင်းဆိုချက်သည် ရန်လိုမှုများကို မြင့်တက်စေနိုင်သည်ဟုဆိုကာ အမေရိကန်နှင့်ဂျာမနီတို့က ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါငြင်းဆိုချက်ထွက်ပေါ်ခဲ့ခြင်းကြောင့် ယူကရိန်းရှိ ပြင်သစ်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခြင်းခံရပါက အမေရိကန်အပါအဝင် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြားဝင်ကူညီရန်မလိုအပ်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က မဟာမိတ်အနောက်နိုင်ငံများအား ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *Ref: Sputnik*

မော်စကို၊ အကြမ်းဖက်မှု

# မော်စကိုမြို့တွင်ဖြစ်ပွားသည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေသူ သုံးဦးကို ရုရှားထောက်လှမ်းရေးက ထပ်မံဖမ်းဆီး

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ပြဇာတ်ရုံတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေသူသုံးဦးကို ရုရှားထောက်လှမ်းရေးအဖွဲ့က ထပ်မံဖမ်းဆီးနိုင်ခဲ့ကြောင်း အဆိုပါထောက်လှမ်းရေးအေဂျင်စီက ဧပြီလ ၄ ရက်တွင် ထုတ်ပြန်သည်။

အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဆက်နွှယ်နေသူများကို နိုင်ငံအတွင်းရှိ အဓိကမြို့ကြီးများဖြစ်သည့် မော်စကို၊ ယီကာတာရင်ဘာ့ဂ်နှင့်အွန်စ်ခ်တို့၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ထောက်လှမ်းရေးအဖွဲ့ကထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြသည်။ ဖမ်းဆီးခံရသူများတွင် ရုရှားနိုင်ငံသားတစ်ဦးနှင့် ဗဟိုအာရှနိုင်ငံမှ နိုင်ငံသားနှစ်ဦး ပါဝင်ကြောင်းသိရသည်။

ဖမ်းဆီးခံထားရသူများအနက်နှစ်ဦးမှာ အကြမ်းဖက်တိုက်ခိုက်မှုတွင် အသုံးပြုမည့် လက်နက်နှင့် မော်တော်ယာဉ်များဝယ်ယူရန်အတွက် ငွေကြေးလွှဲပြောင်းမှုများလုပ်ဆောင်ခဲ့ကြောင်းနှင့် အခြားတစ်ဦးမှာ တိုက်ခိုက်မှုလုပ်ဆောင်ရန်အတွက် လူရှာပေးခဲ့သည့်အပြင် ငွေကြေးထောက်ပံ့ပေးခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အကြမ်းဖက်သမားများသည် မော်စကိုမြို့ အနောက်မြောက်ဘက်ရှိ ခရိုဆက်စီးတီးပြဇာတ်ရုံတွင် မတ်လ ၂၂ ရက်က ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပြဇာတ်ရုံအတွင်း မီးလောင်ကျွမ်းမှုဆက်လက်ဖြစ်ပွားခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံးလူ ၁၄၄ ဦးသေဆုံးပြီး ၅၅၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရသိရသည်။ *Ref: Xinhua*

တိုကျို၊ လူမှုရေး

# ဂျပန်နိုင်ငံ၏အသက်အကြီးဆုံးအမျိုးသားကြီး ဂိဆာဘူရိုဆိုနိုဘေ ကွယ်လွန်




အသက် ၁၁၂ နှစ်အရွယ် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသားကြီးမှာ တိုကျိုမြို့အနီး၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနတစ်ခုက ဧပြီလ ၄ ရက်တွင် ထုတ်ပြန်သည်။

ဂိဆာဘူရိုဆိုနိုဘေအမည်ရှိ အဆိုပါအမျိုးသားကြီးသည် ၁၉၁၁ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစ၍ နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသားကြီးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။ ၎င်းအမျိုးသားကြီးသည် ပြီးခဲ့သည့်မတ်လနှောင်းပိုင်းတွင် ချီဘာစီရင်စု၌ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်ကို ကိုးကား၍ Kyodo သတင်းဌာနက ထုတ်ပြန်သည်။

ဂိဆာဘူရိုဆိုနိုဘေသည် မည်သည့်အကြောင်းရင်းကြောင့် ကွယ်လွန်ခဲ့ရသည်၊ မည်သည့်နေ့ရက်တွင် ကွယ်လွန်ခဲ့သည်စသည့်အသေးစိတ်အချက်အလက်များကို ၎င်း၏မိသားစုဝင်များက ထုတ်ပြန်ခြင်းမပြုရန် အာဏာပိုင်အဖွဲ့အားတောင်းဆိုခဲ့ခြင်းကြောင့် အသေးစိတ်အချက်အလက်ကို မထုတ်ပြန်ခြင်းဖြစ်ကြောင်း တာတေယာမာမြို့တော်အုပ်ချုပ်ရေးအဖွဲ့ကပြောသည်။

လက်ရှိ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံးအမျိုးသားကြီးဖြစ်သူ ဗင်နီဇွဲလားနိုင်ငံမှ ဂျူအန်ဗင်းဆင့်ပဲရက်ဇ်မှာ အသက် ၁၁၄ နှစ်တွင် ၎င်း၏နိုင်ငံအတွင်း၌သေဆုံးသွားပြီဖြစ်ကြောင်း Guinness ကမ္ဘာ့စံချိန်အဖွဲ့က ဧပြီလ ၃ ရက်တွင် ထုတ်ပြန်ထားခြင်းကြောင့် ဂိဆာဘူရိုဆိုနိုဘေအား ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားကြီးဖြစ်လာရန်မျှော်မှန်းထားခဲ့ကြောင်းသိရသည်။

*Ref: Xinhua*

ရန်ကုန် ဧပြီ ၄

# အခြေခံပညာကျောင်းများအား သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအား မြို့တော်ဝန်ဦးဗိုလ်ဌေး လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဥပမိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့မှကြီးကြပ်၍ ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းအင်အားများဖြင့် စဉ်ဆက်မပြတ် စုပေါင်းလုပ်အားပေးများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဦးညီညီ၊ အတွင်းရေးမှူးဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ သာကေတမြို့နယ် ထူပါရုံလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် (၁၀) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ပန်းဘဲတန်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရွှေတိဂုံဘုရားလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကြည့်မြင်တိုင်မြို့နယ် အုန်းဖိုရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းနှင့် ကျုံကြီးလမ်းထောင့်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၊ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် ကင်ပွန်းခြံလမ်းရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပူးပေါင်းအင်အားများဖြင့်၊ မြက်ပင်ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူရှင်းလင်းခြင်း၊ သစ်ပင်အောက်တက်များရှင်းလင်းခြင်းနှင့် အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်း၊ အမှိုက်များလှဲကျင်းရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးမှုတ်ခြင်း၊ ကျောင်းရှိရေစည်ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ဖုံးသွန်လဲစစ်ပြုလုပ်ခြင်း စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။


ယမန်နေ့ညပိုင်းကလည်း မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အကြားရှိ ဦးဝိစာရလမ်းမြေအောက်လမ်းကူး လူသွားဥမင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းကိုက်ညီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြေအောက်လမ်းကူး လူသွားဥမင်သည် အမြင့် ၁၁ ပေ၊ ခန်းဖွင့်အကျယ် ၂၃ ပေ၊ ဥမင် အလျား ၄၆၁ ပေ ၉ လက်မ၊ အဝင်/အထွက်ပေါက် ၄ ခုအပေါ်ဖို့မြေ အမြင့် ၂ ပေ ၉ လက်မ၊ ရွေ့လျားစက်လှေကား ၄ စင်း၊ မသန်စွမ်းများအသုံးပြုရန် ဓာတ်လှေကား ၂ စင်း ပါဝင်မည်ဖြစ်ပြီး ၁ နာရီလျှင် လူဦးရေ ၁၄၀၀၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ ရွှေတိဂုံစေတီတော်၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်သို့ ပြည်သူများလာရောက်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းပြီး သက်သောင့်သက်သာဖြတ်သန်းသွားလာနိုင်စေရန်နှင့် ခေတ်မီအခြေခံအဆောက်အဦတစ်ခု ထပ်မံပေါ်ပေါက်စေရန် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဆောင်ရွက်နေသည့် အရှည်ပေ ၁၂၀၀၊ အကျယ် ပေ ၃၀ ရှိ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်မှ အနောက်ရွှေဂုံတိုင်လမ်းအထိ ရွှေတိဂုံစေတီတော်ပတ်လမ်း ကတ္တရာကွန်ကရိ(AC) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ချိန် ယာဉ်သွားလာမှုအဆင်ပြေစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်




၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှုအကြိမ်ရေ(၆၅၀)ကျော်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း(၂၁၇၀၀)ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၃။ လေပြင်းတိုက်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်း၊ လေပြင်းဒဏ်ခံနိုင်ရည်နည်းပါးနိုင်သည့် အိုးအိမ်များရွေးချယ်၍ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(ခ) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင်ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင်မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင်ဆောင်ရွက်ပါ။

(ဂ) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(ဃ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကိုသတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့်ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့်ဝေးရာတွင်နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှုအလွန်ပြင်းထန်ပါက ခိုင်ခံ့သောစားပွဲ (သို့မဟုတ်)ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့်အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ်ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၂)**

**ငွေချေးယူခြင်း**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုကတာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့်ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသောချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေအခန်း(၁၀)နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသောသုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုခဲ့သည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းကိုးဆယ့်ခြောက်သိန်းထက်မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ်ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့ အကျုံးဝင်သည်။

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့်ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ဇယား(၅) နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်း၊ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း (၁)**

**ရငွေများနှင့် သုံးငွေများ**

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်**

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## နိုင်ငံတစ်ဝန်းဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူစာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို အကြာမီအချိန်အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက် စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန"အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- ညွှန်ကြားရေးမှူး(ထုတ်လုပ်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂/၀၆၇၃၄၁၂၃၇၁/၀၉၄၂၁၀၄၆၇၁၅
- ညွှန်ကြားရေးမှူး(ပြန်/ဆက်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၁၆၄
- တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်
  ပြန်/ဆက် ဦးစီးဌာနရုံးများ

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)
  ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)
  ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နေပြည်တော် ဧပြီ ၄

# တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့မှ ဝါစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ကာ ဇယန်းလက်ဖက်စို၊ လက်ဖက်ခြောက်၊ ရှမ်းရိုးရာအစားအစာ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော ခါတော်ဦး စားသောက်ကုန်လုပ်ငန်းသို့သွားရောက်၍ လက်ဖက်ထုတ်လုပ်ပုံအဆင့်ဆင့်ကို လိုက်လံကြည့်ရှုအားပေးပြီး လက်ဖက်မှ ခေါင်းလျှော်ရည်နှင့် အလှကုန်ပစ္စည်းများကိုပါ ထုတ်လုပ်နိုင်ရေး နည်းပညာပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့သွားရောက်ပြီး တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့မှ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များ၊ ဝါစေ့ဆီစက်လုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ အဆင့်မီဝါဂွမ်းနှင့်ချည်များ ထုတ်လုပ်နိုင်သည်အထိ ရည်မှန်းပြီး တောင်သူများအနေဖြင့် ဝါသီးနှံစိုက်ပျိုးရာတွင် စိုက်ပျိုးရေးသမဝါယမအသင်းများဖွဲ့စည်း၍ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရရှိရေးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရရှိရေးနှင့် ဈေးကွက်ဖော်ဆောင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြို့သစ်မြို့နယ်ဦးစီးမှူးက ဝါစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီးကဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသော ဝန်ကြီးဌာနအောက် ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑ **ကျောဖုံးမှအဆက်**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အမျိုးသမီးကလပ်အသင်းများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် အတည်ပြုခြင်း၊ ပြိုင်ပွဲကျင်းပမည့်ရက်နှင့် ကွင်းတို့ကိုလျာထားသတ်မှတ်ခြင်းနှင့် ကစားသမားအပြောင်းအရွှေ့ကာလနှင့်ကစားသမားမှတ်ပုံတင်ခြင်းနှင့် ခေါ်ယူစာချုပ်ချုပ်ဆိုခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းအသစ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်းတို့က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် လက်ရှိချန်ပီယံ မြဝတီအသင်း၊ ISPE အသင်း၊ သစ္စာအားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ Young Lionessesအသင်း၊ ဧရာဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်းတို့ပါဝင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို လာမည့်မေလ ၇ ရက်မှစတင်ပြီး နိုဝင်ဘာလကုန်ထိ ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်းနှင့် စလင်းအားကစားကွင်းတို့တွင် ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို သုံးကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇ ̊C | / | ၃၉ ̊C |
| ရန်ကုန် | ၂၂ ̊C | / | ၃၉ ̊C |
| မန္တလေး | ၂၆ ̊C | / | ၄၂ ̊C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ပဲခူး ဧပြီ ၄

# တရားဝင်အသင်းအဖွဲ့မှတ်ပုံတင်ရရှိရေးနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များဆွေးနွေး

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့များ တရားဝင်အသင်းအဖွဲ့မှတ်ပုံတင်ရရှိရေးနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ပဲခူးတိုင်းဒေသကြီးတွင် ယခင်က တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့ ၆၆ ဖွဲ့ရှိခဲ့ပြီး ယခု ၂၂ ဖွဲ့သာရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနက်မှ ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များသာ တရားဝင်အသင်းအဖွဲ့ မှတ်ပုံတင်ရရှိရန်ကျန်နေကြောင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များကို ခရိုင်အဆင့်အနေဖြင့်ဖွဲ့စည်းပြီး တရားဝင်မှတ်ပုံတင်ရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များဖွဲ့စည်းရာတွင် သတ်မှတ်ထားသောအချက်အလက်များအတိုင်း ဖွဲ့စည်းရန်လိုအပ်သလိုလုပ်ငန်းစဉ်များကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီ၊ နတ်တလင်း စသည့်ခရိုင်ခြောက်ခရိုင်မှ ကရင်၊ ပအိုဝ်း၊ ရှမ်း၊ အရှိုချင်း ခရိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့များနှင့် စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဧပြီ ၄

# ဟုမ္မလင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများသေဆုံးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မနော်သာကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဧပြီလ ၁ ရက်နေ့က လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၅ ဦးသေဆုံးပြီး ၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ဟုမ္မလင်းမြို့နယ်ရှိ ကျေးရွာများကို KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဧပြီလ ၁ ရက်နေ့မှစပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် မနော်သာကျေးရွာနှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း ဟုမ္မလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့်လွဲမှားနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

**(၁၀၀)**

နေပြည်တော် ဧပြီ ၄

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏(အဌမ)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပပြုလုပ်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (အဌမ)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာကို ဧပြီလ ၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာ့ပြုကျောင်းတိုက်၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုများက ခိုလမ်မြို့အတွင်းရှိ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများအား လှည့်လည်ပူဇော်ကြပြီး ရွှေစည်းခုံစေတီတော်ကြီးအား လက်ယာရစ်ရှင်လောင်းလှည့်လည်ခြင်းများနှင့် ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာ့ပြု ကျောင်းတိုက်၌ ရဟန်း (၆၉) ပါး၊ ရှင်သာမဏေလောင်း(၂၅)ပါးနှင့်သီလရှင်လောင်း(၂၂) ပါး၊ စုစုပေါင်း (၁၁၆) ပါးတို့အား ဆံချမင်္ဂလာပြုလုပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာ့ပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် သီလရှင်လောင်းများအား သင်္ကန်းဆီးပေး၍ သာသနာ့ဘောင်သို့သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာ့ပြု ကျောင်းတိုက်မှ သိမ်ထွက်ရဟန်းသံဃာများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သိမ်ဆွမ်းများ လောင်းလှူကြသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သီရိမင်္ဂလာကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာသိရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များနာယူကြည်ညိုကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာ့ပြု ကျောင်းတိုက်ဆရာတော်ထံမှအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြ၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (အဌမ)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာတွင် ရဟန်းလောင်းများအား ဆံချမင်္ဂလာပြုလုပ်စဉ်။

ကန်ကြီးထောင့် ဧပြီ ၄

## နွေရာသီအခြေခံအားကစားသင်တန်းဆင်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အားကစားခန်းမ၌ ဧပြီလ ၃ ရက်က ၂၀၂၄ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးရဲနိုင်လွင်က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး ဂျူဒိုအားကစားဝတ်စုံများ ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက နွေရာသီ အခြေခံအားကစားသင်တန်း (ဂျူဒို၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ Fitness Dance၊ အေရိုးဗစ်)တွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ဆက်လက်၍ မျိုးဆက်သစ်လူငယ်များက အေရိုးဗစ်နှင့် ဂျူဒိုအားကစားနည်းများကို သရုပ်ပြကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)






### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | သံချောင်းလုံးအရွယ်စုံ | 2 Lot |
| (ခ) | Beam(H,I,U)/MS Plate | ၃၂၈. ၈၅/၄၁ တန်/ချပ် |
| (ဂ) | အမိုးသွပ်/သစ်(အင်/ကညင်) | ၁၆၄၀၀/၇၂ မီတာ/တန် |
| (ဃ) | HDPE ပိုက်နှင့် ပိုက်ဆက်ပစ္စည်း/Valve | 1/22 Lot/လုံး |
| (င) | ဒီဇယ်ဆီ/ပရီမီယံဒီဇယ်ဆီ/ဓာတ်ဆီ | ၇၄၀၀၀၀/၁၀၀၀၀၀/၄၅၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၄-၂၀၂၄ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၄-၄-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရှိ အရန်မီးစက်ဌာနခွဲနှင့် ကိုကိုးကျွန်းတို့တွင်အသုံးပြုရန် ဒီဇယ်ဆီ(ရိုးရိုး)(၄၀၀၀၀)ဂါလန်၊ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောကွန်ကရစ်ကျောက်တိုင်နှင့် ဓာတ်အားလိုင်းပစ္စည်းများ၊ မြေအောက်ဓာတ်ကြိုးဌာနခွဲမှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော မြေအောက်ဓာတ်ကြိုးနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅-၄-၂၀၂၄) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၆-၄-၂၀၂၄)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

**ပျောက်ဆုံးကြောင်း**

လင်းဝေထွန်း(ဘ)ဦးအောင်သိန်းငွေ ၁၂/ထတပ(နိုင်)၁၀၅၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

သယ်န်းကျွန်းမြို့၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ ၁၃၂နေ မမဥ္ဇူမောင်မောင်(ဘ)ဦးမောင်မောင်တာ ၁၂/သဃက(နိုင်)၁၇၂၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 413554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၄၄၉၆၅၀

**ပျောက်ဆုံးကြောင်း**

နော်ဩဂုတ်စန်းစတား(ဘ)စောထွေးထွေးလှ ၁၄/အမန(နိုင်)၂၄၆၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 658741)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကပ်ဒွန်းလျန်(ဘ)ဟောက်လျန်းခိုင် ၁၂/အစန(နိုင်)၂၁၃၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 096310)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်ဟိန်း(ဘ)ဦးကျော်စွာဝင်း ၉/နထက(နိုင်)၁၈၅၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 033400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

အောင်ဇေယျာထွန်း(ဘ)ဦးလှထွန်း ၁၂/ဥကမ(နိုင်)၂၄၅၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 536781)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇူးမွန်မွန်သိန်း(ဘ)ချစ်ဆန်းမင်း ၁၄/ရသယ(နိုင်)၀၁၅၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 528265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

